Vol. 2 ., Issue 7

# The Strategy First Times

February 6, 2017 | ၁၃၇၈ ခု၊ တပို့တွဲလဆန်း (၁၀) ရက်နေ့၊ တနင်္လာနေ့ | နှစ်ပတ် / တစ်ကြိမ်



ချင်းပြည်နယ်အစိုးရနှင့် STRATEGY FIRST INSTITUTE တို့အကြား Chin State Business Institute (CSBI) တည်ထောင်ရာတွင် ကူညီပေးရန် နားလည်မှုစာချွန်လွှာရေးထိုး စာ - ၅ သို့

## Duct Tape Marketing

မင်္ဂလာပါ **STRATEGY FIRST Times** မှ ကောင်းနိုးရာရာ စာအုပ်တွေကို ရွေးချယ်ဖော်ပြပေးတဲ့ **STRATEGY FIRST** စာအုပ်စင်ကဏ္ဍမှာ ဒီတစ်ပတ် မိတ်ဆက်ပေးချင်တာကတော့ အသေးစားနဲ့ အလတ်စား လုပ်ငန်းတွေအတွက်အသုံးဝင်မယ့်ဈေးကွက်စီးပွားရေးဆိုင်ရာနည်းလမ်းတွေအကြောင်းကို ရေးသားထားတဲ့ Duct Tape Marketing ဆိုတဲ့စာအုပ်ပဲ ဖြစ်ပါတယ်။

စာရေးသူ John Jantsch ဟာ Jantsch Communication ဆိုတဲ့ ဈေးကွက်စီးပွားရေးဆိုင်ရာအကြံပေးလုပ်ငန်းကို တည်ထောင်ထားပြီး အသေးစားစီးပွားရေးလုပ်ငန်းတွေအတွက်အသုံးဝင်တဲ့ DuctTape Marketing ဆိုတဲ့အယူအဆကိုစတင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲတွေမှာ ဟောပြောနေရသူဖြစ်ပြီး စာအုပ်စာပေတွေကို ပုံနှိပ်ရေးသားထုတ်ဝေနေသူလည်း ဖြစ်ပါတယ်။

စာ - ၇ သို့






## အာဆီယံ CBT ဆုရ မြိုင်ဒေသ

စာ - ၄ သို့



## သန့် - မသန့်

စာ - ၅ သို့



## သင့်ရဲ့ ဝန်ထမ်းတွေ မူးယစ်ဆေးသုံးမသုံး စမ်းသပ်စစ်ဆေးမှုတွေ လုပ်သင့်တဲ့ အကြောင်းရင်းများ

စာ - ၉ သို့

# ICM Single Subject Diploma in Auditing & Taxation ဖေဖော်ဝါရီလ (၂၂)ရက်နေ့စမည်။

ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၊ LCCI Level-3 အောင်မြင်ပြီးသူများ၊ Auditing ပိုင်းတွင် လုပ်ကိုင်နေသူများ၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ၊ Financial Management ဘာသာရပ်ကို လေ့လာပြီးသူများအတွက် ICM Single Subject Diploma သင်တန်းဖြစ်ပါသည်။ သင်တန်းကာလမှာ (၅)လခွဲ ကြာမြင့်မည်ဖြစ်ပါသည်။

ICM စာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်ပါက Institute of Commercial Management (UK) မှ ပေးအပ်သော Single Subject Diploma ရရှိပါမည်။

**Auditing & Taxation** ဘာသာရပ်တွင် သင်ကြားမည့် ခေါင်းစဉ်များမှာ –
Introduction to Auditing | Auditing and The Companies Act | Professional Rules | The Conduct of the Audit | Audit Evidence | Review of Financial Statements | The Auditors' Report | Planning and Control of Audits | Auditors and the Law | Income Tax | Corporation Tax တို့ဖြစ်ပါသည်။



**Lecturer –** Daw Htay Htay, *B. Com (Hons), M. Com, Ph.D (Res).H.G.P (Law), R.L (Law), Associate Professor (Department of Commerce, Yangon University of Economics)*

**Every Wednesday**– *6:00 to 8:30 pm* | **Starting Date** – *22 February 2017* |
**Program Fees** – *420,000 kyats + 105 USD for exam & reg*

## ICM Single Subject Diploma in Human Resources Management ဖေဖော်ဝါရီလ (၂၂)ရက်နေ့စမည်။



STRATEGY FIRST INSTITUTE တွင် Institute of Commercial Management (ICM, UK) မှ ပေးအပ်သော လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ ICM Single Subject Diploma သင်တန်းဖြစ်ပါသည်။ သင်တန်းကာလမှာ (၅) လခွဲ ကြာမြင့်မည်ဖြစ်ပါသည်။

**Human Resources Management** ဘာသာရပ်တွင် သင်ကြားမည့် ခေါင်းစဉ်များမှာ –
Individual Differences | Perceptions | Motivation | Behavioral Theories | Groups and Group Dynamics | Recruitment & Selection | Interviewing | Selection Testing | On-Job Vs Off-Job Training | Induction Programmes | Job Description & Specification | Person Specification | Job Rotation, Enlargement, Enrichment and Evaluation | Role of Personnel Department | Career Development | Welfare | Participating in Decision-Making | The Role of the Trade Union | Strikes, Cause, Effect & Avoidance တို့ဖြစ်ပါသည်။

Lecturer - Daw Marilyn Aung Khin, *M. Com (HR & IR), University of Western Sydney, LLB (University of Technology Sydney), BA (Law), LLB, LLM (RASU)*

Schedule - Every Wednesday – *6:00 pm to 8:30 pm*

Program Fees – *420,000 kyats + Textbook-25000*

## ICM Single Subject Diploma in Business Management & Administration ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင်စမည်။

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေး စတင်တည်ထောင်ရန် စီစဉ်နေသူများ၊ MBA သင်တန်းများတက်ရန် ပြင်ဆင်နေသူများ၊ စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူများအတွက် Institute of Commercial Management (ICM, UK) မှ ချီးမြှင့်သော Single Subject Diploma သင်တန်းဖြစ်ပါသည်။

သင်တန်းကာလမှာ (၅) လခွဲကြာမြင့်မည်ဖြစ်ပါသည်။

**Business Management & Administration** တွင် သင်ကြားမည့်ခေါင်းစဉ်များမှာ –

- The Organisational Background to Business Administration
- The Management Framework to Business Administration
- Characteristic Features of Organisations
- The Structure of Business Enterprises
- Functions within Organisations - The Production Function, The Purchasing Function, The Research & Development Function, The Marketing Function, Personnel Department
- The Administrative Officer's Role
- Office Administration
- Other Responsibilities of the Administrative Officer

Session – 11: Lecturer – Prof. Dr. Nu Nu Lwin, *Ph.D (Economics, YIE), M.Sc (ICP) (Ritsumeikan Asia Pacific University, Japan), D.C.Sc (Yangon University of Computer Studies), M. Com, B. Com (Hons, YIE)*



Schedule - Every Saturday – *3:00 pm to 5:30 pm*

Starting Date – *18 February 2017*

Program Fees – *420,000 kyats + 105 USD for exam & reg*

# ဘတ်စ်ကားစနစ်သစ်မှာ ကျောင်းလာရတာအဆင်ပြေရဲ့လား



### ငြိမ်းငြိမ်းဦး
### (Academic Department)

အိမ်ကနေ ကျောင်းကိုလာရင် တက္ကစီ စီးပါတယ်။ နေတာက သင်္ဃန်းကျွန်းဆိုတော့ အရင်တုန်းကဆိုရင် တစ်နာရီလောက် အချိန်ပေးရတယ်။

အခုလည်း အဲဒီလောက်ပဲ၊ တစ်ခါတလေကျရင် ၁၅ မိနစ်လောက်တောင် အချိန်ပိုပေးရတယ်။ လမ်းတွေ ပိုကျပ်လာတယ်လို့မြင်တယ်။ လိုင်းကားတွေပေါ်မှာလည်း လူတွေ အရမ်းကျပ်တာကိုတွေ့ရတယ်။ ဒါပေမဲ့ တစ်ခုကောင်းတာက ကားသမားတွေက အရင်တုန်းကလိုမျိုး ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုတာ၊ လမ်းလုတာ၊ လမ်းပြောင်းပြန် မောင်းလာတာမျိုး စိတ်အနှောင့်အယှက် ဖြစ်စရာတွေတော့ မတွေ့ရတော့ဘူး။ အဲဒီအချက်တော့ ကောင်းသွားပါတယ်။ အခုကားနည်းနေတာမျိုး လိုအပ်ချက်တွေလည်း ရှိနိုင်ပါတယ်။



### သန်းထိုက်
### (Project Management)

ကျွန်တော်နေတာက မြောက်ဒဂုံဆိုတော့ ဒီနောက်ပိုင်း ကားလာရတာလမ်းတွေဘာတွေနည်းနည်းချောင်လာတော့ အချိန်တိုတိုနဲ့ ကျောင်းရောက်လာပါတယ်။ အပြန်ဆိုရင် ကားချောင်တော့ မြန်မြန်အိမ်ရောက်တာပေါ့။ ကိုယ့်ကားနဲ့ကိုယ်ဆိုတော့ ဘတ်စ်ကားအတွေ့အကြုံတော့ သိပ်မရှိဘူးဆိုပေမယ့်ဒီစနစ်သစ်မှာ ဘတ်စ်ကားစပယ်ယာတွေက သူတို့ကားတွေမှတ်တိုင်ရပ်ဖို့ အတင်းကြီး ကားတောင်းတာတွေနေရာမပေးမိလို့ ရိုင်းရိုင်းစိုင်းစိုင်းပြောတာတွေနည်းသွားတာကိုကြုံရပါတယ်။ အကူးအပြောင်းဆိုတော့ အနည်းဆုံးတော့သုံး၊လေးလလောက်တော့အချိန်ယူရမှာပေါ့။ ကားတွေ နည်းသွားတယ်ဆိုတော့လမ်းတော့ချောင်တယ်၊နောင်ဆို အဆင်ပြေ မယ်လို့မြင်ပါတယ်။



### ပြည့်စိုးမောင်
### (Human Resources Development)

ကျွန်တော် နေတာက တာမွေ၊ မေတ္တာညွန့်မှာနေတယ်။ ရုံးကလည်း ပုလဲကွန်ဒိုမှာဆိုတော့ နံနက်ပိုင်း ရုံးချိန်မှာ ပြောင်းပြန်စီးရသလို ဖြစ်နေတယ်။ အရင်က လိုင်းကားတွေများပြီး လမ်းတွေကျပ်ရာကနေ အခုကားတွေ နည်းသွားတော့ လမ်းတွေချောင်နေတာကို တွေ့ရပါတယ်။ ရုံးကနေ ကျောင်းကိုလာမယ်ဆိုရင်လည်း လမ်းမှာ ကားကသိပ်မပိတ်တော့ အရင် မိနစ် ၃၀ လောက် ကားစီးရတာကနေ အခုဆို ၁၀ မိနစ် လောက်ပဲကြာတော့ အဆင်ပြေပါတယ်။ လိုင်းကားစီးတဲ့သူတွေအတွက်အခုအချိန်ကအခက်အခဲရှိနေပေမယ့် ကိုယ်ပိုင်ကားစီးတဲ့သူတွေဆိုရင်တော့ အတော်လေး ချောင်သွားပါတယ်။ ကျွန်တော့်အတွက်တော့ ကျောင်းလာရတာ အဆင်ပြေပါတယ်။



### ထက်ပိုင်အောင်
### (Marketing Management,abe)

ကျွန်တော်နေတာကကျောက်မြောင်းမှာဆိုတော့ သာမန်အားဖြင့်စမ်းချောင်းကို တက္ကစီနဲ့လာမယ်ဆိုရင်၁၀ မိနစ်လောက်ပဲကြာတယ်။ ဘတ်စ်ကားစီးမယ်ဆိုရင် နာရီဝက်လောက်တော့ ကြာပါတယ်။ ကျွန်တော်တို့ဘက်ကတော့မြေနီကုန်းကို ကားနည်းနည်းရှိတော့ အရမ်းကြီး မခက်ခဲပါဘူး။ ကားကတော့ ပုံမှန်လာတယ်၊ ချောင်တာနဲ့ ကျပ်တာ ဒါပဲရှိပါတယ်။ တစ်ဆင့်တည်းလည်းကျောင်းကိုရောက်ပါတယ်။ အချိန်ကတော့ ပေးရတာပါပဲ။ ရွှေဂုံတိုင်မီးပွိုင့်ကြာချိန်တွေ ဘာတွေတွက်ပြီး တစ်နာရီလောက် စောထွက်ရပါတယ်။ လတ်တလော ဘတ်စ်ကား အပြောင်းအလဲကတော့ အားရတယ်လို့ မမြင်ပါဘူး။ ပြည်သူတွေကို အသိပေးတဲ့ အပိုင်းရောကြိုတင်ပြင်ဆင်ထားတဲ့ Plan B ပါ အားနည်းတယ်လို့မြင်ပါတယ်။



### ကျော်ခိုင်ဟိန်း
### (Elementary Professionals English)

ကျွန်တော် နေတာက တောင်ဥက္ကလာဆိုတော့အရင်တုန်းကမြေနီကုန်းကားဆို အရမ်းပေါတယ်။ အခုဆို နှစ်ဆင့်လည်းစီးရတယ်။ ကားကလည်းရှားသေးတယ်။ ကားများလာရင်တော့ အဆင်ပြေမယ်ထင်ပါတယ်။ ပထမကားစီးပြီးတာတောင်ဒုတိယကားကိုထပ်စောင့်ရတော့ အဲကနေလာရတာမှာ အဆင်မပြေပြန်ပါဘူး။ညဘက်ပြန်ရင်လည်းကားနည်းသွားတော့ တော်တော်ကို အဆင်မပြေတာ။ အလုပ်ကလည်း MICT Park ထဲမှာဆိုတော့ နေတဲ့နေရာနဲ့ဝေးတော့ သိပ်တော့ အဆင်မပြေသေးဘူး။ အပြောင်းအလဲကိုကြိုဆိုပေမယ့်လတ်တလောအဆင်မပြေသေးတော့ နောက်မှာ ကားတွေ များလာအောင် ဖန်တီးပေးမယ် ဆိုရင်တော့ ကောင်းသွားမယ်လို့ ယုံကြည်ပါတယ်။



### နှင်းအိဖြူ
### (Business Management & Administration)

ကျောင်းလာရတာ အဆင်ပြေပါတယ်။ အခုက နံပါတ်တွေပဲ ပြောင်းသွားတာအရင်နံပါတ်တွေကိုခွာပြီးဒီကားတွေနဲ့ဒီလူတွေပဲဆိုတော့ သိပ်ပြီးကွာသွားတာမဟုတ်ဘူး။ မှန်းထားတာတော့ ကားသစ်တွေနဲ့လူသစ်တွေထင်ထားခဲ့တာပါ။ နေတာကကြည့်မြင်တိုင်ဆိုတော့စစချင်းနေ့မှာ ကားလိုင်း တစ်ခုတည်းဆိုတော့ တော်တော်တိုးကြိတ်ပြီး စီးရတာ၊ အခုတော့ လိုင်းလေးနည်းနည်း ထပ်ထည့်လိုက်တော့ကျောင်းလာရတာအဆင်ပြေသွားပါတယ်။ ပြောရရင်တော့ သိပ်ပြီးအားရတဲ့ အနေအထားမရှိပါဘူး။ နောင် (၃) လအကြာမှာ သူတို့ပြောသလို ကားအသစ်တွေနဲ့ ကားခကိုလည်း ကဒ်စနစ်တွေနဲ့ လုပ်ကိုင်ပေးမယ်ဆိုရင် အတော်လေးအဆင်ပြေသွားမယ်လို့မြင်ပါတယ်။



### သဲအိသင်ဇာငယ်
### (Business Management & Administration)

အိမ်ကနေကျောင်းလာရတာတော့ အဆင်ပြေပေမယ့် မြို့ထဲသွားရင်တော့ နှစ်ဆင့်ဖြစ်လာတဲ့အတွက် သိပ်ပြီးမပြေဘူး။ အလုပ်သွားရင်လည်း နှစ်ဆင့်စီးရတာပဲ၊ ဒါပေမဲ့ အလုပ်က ဖယ်ရီစီစဉ်ပေးတော့ အဆင်ပြေပါတယ်။ အလုပ်က မြန်မာပလာဇာမှာ နေတာက ဘာတာဆိုတော့နှစ်ဆင့်စီးရတာပါ။ဘာတာကနေ မြေနီကုန်းကျောင်း လာရတာ သိပ်ပြီးမခက်ခဲပါဘူး။ ကားစီးရတာ ပြောရရင်တော့ကားလေးတွေဆိုရင်လူပြည့်လည်း မမောင်းဘဲ မှတ်တိုင်အရမ်းစောင့်တော့ ကားကျပ်တာတွေရှိတယ်။ နောက်ကားနဲ့ဆုံပြီး ပြိုင်မောင်းကြတာတွေ ရှိတော့ အဲဒါလေးတွေ လိုအပ်ချက်တွေ ရှိနေပါတယ်။ ကျောင်းလာရတာတော့အဆင်ပြေနေပါတယ်။



### ဆုမြတ်
### (Public Relation)

ကားစီးတဲ့သူတွေအနေနဲ့ဆိုရင်ကားကျပ်တော့ အဆင်မပြေတာတွေ ကြားနေရတယ်။ စနစ်တစ်ခု အပြောင်းအလဲကမြန်တော့ဒါကိုလိုက်အကောင်အထည်ဖော်တဲ့အပိုင်းတွေမှာအားနည်းချက်တွေရှိနေတယ်လို့ လူတိုင်းဆီက ကြားနေရတယ်။ ညီမကတော့ နေတာကလည်း စမ်းချောင်းမှာဆိုတော့ အခက်အခဲ သိပ်မရှိပါဘူး။ အလုပ်ကလည်း မြို့ထဲမှာဆိုတော့ အပြန်လည်း ဖယ်ရီစီးတော့ အဲကနေကျောင်းလာရတာလည်း အဆင်ပြေပါတယ်။အပြောင်းအလဲမှာ ကားတွေတော့ နည်းနည်းရှင်းသွားတယ်လို့ မြင်တယ်၊အဲအတွက်တော့ညီမတို့လိုကုမ္ပဏီဖယ်ရီစီးတဲ့သူတွေအနေနဲ့ အဆင်ပြေတယ်လို့ပဲ ပြောလို့ရတယ်။ ဘတ်စ်ကားစီးတဲ့သူတွေပဲ နည်းနည်း အခက်ခဲတွေဖြစ်နေတယ်လို့မြင်မိပါတယ်။

# အာဆီယံ CBT ဆုရ မြိုင်ဒေသ





SFJ Team

စင်ကာပူနိုင်ငံမှာ ပြီးခဲ့တဲ့ ဇန်နဝါရီလ အတွင်း ကျင်းပခဲ့တဲ့အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ် ၂၀၁၇ မှာ မြန်မာနိုင်ငံမှ Community-Based Tourism Award (ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆု) များ ရရှိခဲ့ပါတယ်။

Community-Based Tourism Award ( ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆု) သုံးဆု ရရှိခဲ့ပြီး အဆိုပါ ဆုများကို ယခုနှစ်မှာ ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံ ခရီးသွား ဖိုရမ်မှ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ CBT အဖြစ် အကောင် အထည်ဖော်ဆောင်ရွက်နေတဲ့ မကွေးတိုင်း ဒေသကြီးမြိုင်ဒေသ၊ရှမ်းပြည်နယ်ပအိုဝ်းဒေသ၊ ကယားပြည်နယ် လွိုင်ကော်ဒေသတို့က ရရှိ ခဲ့ပါတယ်။

အာဆီယံ ရပ်ရွာလူထုအခြေပြု ခရီးသွား လုပ်ငန်းဆု ရရှိတဲ့ ဒေသတစ်ခုလည်းဖြစ်ပြီး မြန်မာနိုင်ငံမှာ ဦးစွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ ရပ်ရွာလူထုအခြေပြု ခရီးသွား လုပ်ငန်းဒေသလည်းဖြစ်တဲ့ မကွေးတိုင်းဒေသ ကြီးရှိ မြိုင်ဒေသခရီးစဉ်များကို ယခုတစ်ပတ် ခရီးသွားကဏ္ဍမှာ ဖော်ပြပေးလိုက်ရပါတယ်။

ရပ်ရွာဒေသရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေးအတွက်ရည်ရွယ်ပြီးCommunity-Based Tourism - ရပ်ရွာလူထု အခြေပြုခရီးသွား လုပ်ငန်းဒေသများ အကောင်အထည်ဖော်နေ ခြင်းဖြစ်ပြီးအဆိုပါဒေသများရှိသဘာဝအလှများ၊ ဒေသခံများရဲ့နေထိုင်မှုပုံစံ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစတဲ့အရာများနဲ့ပြည်တွင်း၊ပြည်ပ ခရီးသွားများ လာရောက်ဖို့ ဆွဲဆောင်သွားမှာ ဖြစ်ပါတယ်။

မြိုင်မြို့နယ်ရှိ ကံကြီးတော အရှေ့နဲ့ အနောက်ကျေးရွာ၊ အင်းရောင်းနဲ့ စုလီပန် ကျေးရွာများမှာ ပြည်တွင်းပြည်ပ ခရီးသွားများ လည်ပတ်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ထား ကြပါတယ်။ အညာကျေးလက်ဒေသ ရှုခင်းများ ကို ခံစားရမှာဖြစ်သလို ဒေသခံများရဲ့နေထိုင်မှု Cultureကိုလည်းရှုမြင်ရမှာဖြစ်ပါတယ်။ အဆိုပါ ကျေးလက်များရှိ မရွှေးလုပ်ငန်း၊ ယက်ကန်း လုပ်ငန်း စတဲ့ ဒေသစီးပွားရေး လုပ်ငန်းများကို လေ့လာနိုင်မှာ ဖြစ်ပါတယ်။

မြိုင်မြို့နယ်မှာပခုက္ကူမြို့နဲ့ ၂၅မိုင်အကွာမှာ တည်ရှိပြီး အညာဒေသထွက်ကုန်များဖြစ်သော သနပ်ခါး၊ ဝါ၊ ပဲ၊ နှမ်း၊ ပြောင်း စတဲ့ သီးနှံမျိုးစုံ၊ ပန်းပဲလုပ်ငန်းနဲ့ မြေအိုးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါတယ်။ ယက်ကန်းလုပ်ငန်း၊ ချည် စောင်၊ချည်ပုဆိုး၊တဘက်ရက်လုပ်ငန်းများစတဲ့ မြန်မာလက်မှုများ ထွန်းကားရာဒေသဖြစ်တဲ့ အတွက် ခရီးသွားများ စိတ်ဝင်စားလေ့လာ ကြည့်ရှုနိုင်မယ့် ဒေသလည်း ဖြစ်ပါတယ်။

မြိုင်မြို့နယ်ရှိ CBT ကျေးလက်ဒေသများ သို့ ခရီးသွားများ လာရောက်လည်ပတ်မှုများ ရှိနေပြီဖြစ်ပြီး CBT ဒေသများအဖြစ် မြိုင်မြို့နယ် အတွင်းရှိ ကျေးရွာများ၊ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများမှာ တိုးချဲ့ဆောင်ရွက်ဖို့ စီစဉ်လျက် ရှိကြပါတယ်။

ကိုးကား - MOHT

## Own Business Management Level 2: Manage your business ( Batch 19) တန်းခွဲသစ် ဖေဖော်ဝါရီလ (၂၂) ရက်နေ့စမည်။

**ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်များအတွက် သီးသန့်စီစဉ်ထားသော Certificate in Own Business Management သင်တန်းအတွက် ကြိုတင်စာရင်းပေးသွင်းအပ်နှံနိုင်ပါသည်။ သင်ကြားပေးမည့် ဘာသာရပ်ခေါင်း စဉ်များနှင့်ဆရာ၊ ဆရာမများ –**

1. Soft Skills for Business Owners – စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သော စွမ်းရည်များ၊ Prof. Dr. Aung Tun Thet, Ph.D (Manchester), Former President's Economic Advisor
2. Principles of Management – စီမံခန့်ခွဲမှု သဘောတရားများ၊ Daw Aye Aye Win, M.A (Int'l Business Studies, Sophia), M. Com, B. Com (Hons, YIE), Diploma in English
3. Managing Finance – ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်း၊ Daw Htay Htay Myint, M. Com, B. Com (Hons, YIE)
4. Managing the Markets – ဈေးကွက်စီမံခန့်ခွဲခြင်း၊ U Aung Chit Khin, MBA (Nottingham), Founder/ Principal (Strategy First Institute)
5. Managing Manufacturing & Operation – ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းစဉ်များ စီမံခန့်ခွဲခြင်း၊ Daw Aye Aye Win, M.A (Int'l Business Studies, Sophia), M. Com, B. Com (Hons, YIE), Diploma in English
6. Managing Human Resources - လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ Dr. Daw Ohnmar Myint, Ph.D (HRM, Delhi), M. Com, B. Com (Hons, YIE)

ဘာသာရပ် (၆) ခုကို လုပ်ငန်းရှင်များအတွက် ခြုံမိအောင် သင်ကြားပေးပါမည်။



Schedule - Wed, Thu, Fri (9:00 am to 12:00 pm) and Sat (9:00 am to 4:00 pm) | Starting Date - 22 February to 19 March 2017

သင်တန်းကြေး – ၄၂၀,၀၀၀ ကျပ်

Level 2 တက်ရောက်ပြီးပါက OBM Level 3 - Grow Your Business ကို ဆက်လက်တက်ရောက်နိုင်ပါသည်။

# သန့် - မသန့်





အခုတလော Facebook နဲ့ သတင်းစာမျက်နှာများ ပျံ့နှံ့လာတာကတော့ ရေသန့်ကိစ္စပါပဲ။ ဈေးကွက်ထဲမှာ တရားမဝင်ထုတ်လုပ် နေတဲ့ ရေသန့်များရှိနေတဲ့ ပြဿနာကို FDA က အရေးယူဖို့စီစဉ်ဆောင်ရွက်လာတာဖြစ်ပါတယ်။ ဈေးကွက်ထဲရှိ ရေသန့်များမှာ ပိုးမွှားများ စိစစ်တွေ့ရှိတဲ့သတင်း၊တရားမဝင်ထုတ်လုပ်ရောင်းချနေတဲ့ သတင်းတွေက မကြာခဏဆိုသလို သတင်းထွက်ပေါ်လာလေ့ရှိပါတယ်။

လက်ရှိဖတ်ရှုရတဲ့သတင်းတွေအရဆိုရင် FDA ထောက်ခံချက်ကို မရယူဘဲ ထုတ်လုပ်နေတဲ့ ရေသန့်အမှတ် တံဆိပ် (၆) မျိုးကို တရားစွဲထားပြီး ဖြစ်ပါတယ်။ ရေသန့်လုပ်ငန်းလိုင်စင်လျှောက်ထားရမှာ အရည်အသွေးပြည့်မီခြင်းမရှိတဲ့ ရေသန့်များကို စစ်ဆေးနေပြီးသောက်ရေသန့် အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ သုံးကြိမ်စစ်ဆေးရာမှာ မအောင်မြင်တဲ့ ရေသန့်လုပ်ငန်းတွေကို လုပ်ငန်းရပ်ဆိုင်းရမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

လတ်တလောမှာ FDA က ကျန်းမာရေးနဲ့ မညီညွတ်တဲ့ စားသောက်ကုန်တွေ၊ တရားမဝင်ထုတ်လုပ်နေတဲ့ ထုတ်ကုန်တွေကို ဖော်ထုတ်လာတဲ့ သတင်းတွေကို ခပ်စိပ်စိပ်လေး တွေ့လာရပါတယ်။ FDA ရဲ့ ထောက်ခံချက်မရရှိဘဲ ထုတ်လုပ်နေတဲ့ စားသောက်ကုန်အမျိုးမျိုးကို စားသောက်ရန်မသင့်ဟု သတ်မှတ်တဲ့ သတင်းတွေ၊ နာမည်ရှိငရုတ်သီးအမှတ်တံဆိပ်တချို့မှာ မှိုပါဝင်ကြောင်း တွေ့ရှိတဲ့သတင်းတွေ၊ နိုင်ငံခြားမှာ မြန်မာဆေးတချို့ကို တားမြစ်ပိတ်ပင်လိုက်တဲ့သတင်းတွေ၊ အခုနောက်ဆုံးကတော့ FDA ရဲ့ခွင့်ပြုချက်မရှိဘဲ ရေသန့်တွေ ထုတ်လုပ်နေတဲ့ သတင်းတွေက နေ့စဉ် လူမှုဘဝ ကျန်းမာရေးကို စိုးရိမ်မိစေပါတယ်။

ကျန်းမာရေးနဲ့ မညီညွတ်တဲ့ အစားအသောက် ထုတ်ကုန်အမျိုးမျိုးက နည်းလမ်းမျိုးစုံနဲ့ ဈေးကွက်ထဲသို့ ရောက်ရှိနေတဲ့အတွက် အခုတွေ့ရှိထားတဲ့ ထုတ်ကုန်တွေအပြင် တခြားသော ထုတ်ကုန်တွေရော ဘယ်လောက်များများက လူမှုဝန်းကျင်အနီးသို့ ရောက်ရှိနေပြီလဲ။ လူမှုဝန်းကျင်အနီးအနားမှာ ကျန်းမာရေးကို ထိခိုက်စေတဲ့ ထုတ်ကုန်တွေ၊ တရားမဝင် ထုတ်လုပ်ရောင်းချနေတဲ့ စားသောက်ကုန်တွေက ဝန်းရံနေသလို ဖြစ်လာပြီး မလုံခြုံမှုကို ခံစားလာရစေပါတယ်။

ဒါကြောင့် ပြည်သူတွေရဲ့ ကျန်းမာရေးကို လုံခြုံစိတ်ချရမှုပေးစွမ်းနိုင်ရေးအတွက် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ ယင်းဝန်ကြီးဌာန လက်အောက်ရှိ FDA တို့က ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေမယ့် ဓာတ်များ၊ ပိုးမွှားများပါဝင်တဲ့ အန္တရာယ်ထုတ်ကုန်တွေကို အရှိန်အဟုန်နဲ့ တိုးမြှင့်စိစစ်ရန်နဲ့ ထိထိရောက်ရောက် အရေးယူမှုတွေက လိုအပ်လာပြီး ဖြစ်ပါတယ်။ မိမိတို့ရဲ့ကျန်းမာရေးကိုလည်း "အသက်ကိုဉာဏ်စောင့်" ဆိုတဲ့စကားလို စားသုံးရန် သင့်၊ မသင့်၊ ကျန်းမာရေးနဲ့ညီညွတ်နိုင်ခြင်းရှိ၊ မရှိ၊ FDA ရဲ့စစ်ဆေးထောက်ခံချက် ပါ၊ မပါ တို့ကို ကြည့်ရှုစစ်ဆေးပြီးမှသာ သုံးစွဲကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ SFJ Team

# ချင်းပြည်နယ်အစိုးရနှင့် STRATEGY FIRST INSTITUTE တို့အကြား Chin State Business Institute (CSBI) တည်ထောင်ရာတွင် ကူညီပေးရန် နားလည်မှုစာချွန်လွှာရေးထိုး

ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ Chin State Business Institute (CSBI) တည်ထောင်ရာမှာ စီးပွားရေးပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ဖို့ **STRATEGY FIRST INSTITUTE** မှကူညီဖွင့်လှစ်ပေးရန်အတွက် နားလည်မှုစာချွန်လွှာ ရေးထိုးပွဲကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်နေ့တွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ **STRATEGY FIRST INSTITUTE** ရဲ့ Principal ဆရာဦးအောင်ချစ်ခင်၊ ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နဲ့ အခြားပြည်နယ်ဝန်ကြီးများ တက်ရောက် သဘောတူလက်မှတ်ရေးထိုးခဲ့ပါတယ်။

Chin State Business Institute (CSBI) တည်ထောင်ရခြင်း ရည်ရွယ်ချက်များမှာ နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော ရည်မှန်းချက်တစ်ခုဖြစ်တဲ့ နိုင်ငံနဲ့အဝန်း ညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန်၊ ချင်းပြည်နယ်အတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းများ၊ ပြည်နယ်တစ်ခုလုံးရဲ့ ယှဉ်ပြိုင်နိုင်စွမ်း၊ စွန့်ဦးတီထွင်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ Eco-tourism လုပ်ငန်းများပိုမိုကြီးထွားဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ရေရှည်တည်တံ့နိုင်သောစီးပွားရေးကျင့်စဉ်များကိုမြှင့်တင်ရန်တို့ဖြစ်တယ်လို့သိရပါတယ်။

"ချင်းပြည်နယ်ဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်ရဲ့ဦးဆောင်မှုနဲ့ CSBI တည်ထောင်ဖို့အတွက် ယခုလို ပံ့ပိုးကူညီပေးမှုနဲ့ပတ်သက်ပြီး ဆရာဦးအောင်ချစ်ခင်မှ "ကျွန်တော်တို့ကို ပူးပေါင်းကူညီဖို့ ကမ်းလှမ်းလာပါတယ်။ ကျွန်တော့်အနေနဲ့လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါတဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၊ လူ့စွမ်းအားအရင်းအမြစ်များ ထွန်းကားလာစေဖို့ကို ရည်ရွယ်ပြီး ကိုယ်ကျွမ်းကျင်တဲ့၊ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီး ပါဝင်ကူညီလိုတာကြောင့် စိတ်ဝင်စားခဲ့ပါတယ်။

Chin State Business Institute အတွက်လိုအပ်တဲ့ ကနဦး မတည်ငွေနဲ့ လည်ပတ်ငွေများကို Strategy First Institute – Strategies for Myanmar Project မှလှူဒါန်းသွားမှာ ဖြစ်ပါတယ်။ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ယခုလိုအစီအစဉ်မျိုးအကောင်အထည်ဖော်ဆောင်ဖို့ရှိရင်လည်း ပါဝင်ကူညီဖို့ အစီအစဉ်ရှိပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

သင်တန်းများကိုဖေဖော်ဝါရီလထဲမှာစတင်သွားမှုဖြစ်ပြီး သင်တန်းကြေးများကို (၃၈၀၀၀) ကျပ် သတ်မှတ်ထားကာ၊ (၃၅၀၀၀) ကျပ် ပညာသင်ဆုများပေးအပ်သွားမှာဖြစ်တဲ့အတွက် သင်တန်းကြေးမှာ (၃၀၀၀) ကျပ်သာကျသင့်မှာ ဖြစ်ပါတယ်။ **STRATEGY FIRST INSTITUTE** မှ ဆရာကြီး၊ ဆရာမကြီးများမှ သင်ကြားပေးသွားမှာ ဖြစ်ပြီး CSBI မှ ဒေသခံဆရာ၊ ဆရာမများအတွက်ကိုလည်းဆရာဖြစ်သင်တန်းများ (TOT) စီစဉ်သင်ကြား ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ယခုအစပိုင်းမှာ Certificate in Business Management, Innovative Entrepreneurship နဲ့ Travel and Tourism Management သင်တန်းများကို သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။ သင်တန်းများကို ဟားခါး၊ မင်းတပ်၊ တီးတိန်နဲ့ ပလပ်ဝ မြို့တို့မှာ အလှည့်ကျ ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။ သင်တန်းပြီးဆုံးကြောင်းအောင်လက်မှတ်များကို ချင်းပြည်နယ်အစိုးရ၊ **STRATEGY FIRST INSTITUTE** နှင့် Chin State Business Institute တို့မှ ပူးပေါင်းချီးမြှင့်သွားမှာဖြစ်ပါတယ်။ **SFJ Team**





## ချက်မယ်ပြုတ်မယ်

# aroufESm



မင်္ဂလာပါရှင်။

ဒီတစ်ပတ်မှာတော့ Facebook မှာလည်း နာမည်ကြီးနေတဲ့ Durian Crepe လုပ်နည်းလေးကို ဖော်ပြပေးမှာ ဖြစ်ပါတယ်။ အရမ်းကြီးလည်း မခက်ပါဘူး။ စားလို့လည်း အရမ်းကောင်းပါတယ်။

Durian Crepe ပြုလုပ်ဖို့လိုအပ်တဲ့ ပစ္စည်းတွေကတော့ (၁၅ ခုလောက်ထွက်ပါမယ်)

ဂျုံမှုန့် - (၁၀၀) ဂရမ်
ပြောင်းဖူးဂျုံ - ထမင်းစားဇွန်း (၂) ဇွန်း
ဗီနီလာအနံ့အရည် - လက်ဖက်ရည်ဇွန်း (၂) ဇွန်း
အဝါရောင် (သို့) နှစ်သက်ရောင်
Food Colouring – (၂) စက်
ကြက်ဥ (၂) လုံး
ရေ - ပုံမှန်ဖန်ခွက် (၁) ခွက်ခွဲ (၃၂၀ မီလီလီတာ)
နွားနို့ - (၈၀ မီလီလီတာ)
ထောပတ် (အရည်ဖျော်ထားသော) - ထမင်းစားဇွန်း (၂) ဇွန်း
အထဲကအနှစ်အတွက်
Whipped Cream (or) Heavy Cream - ပုံမှန်ဖန်ခွက် တစ်ခွက် (၂၅၀ မီလီလီတာ)
သကြား - ထမင်းစားဇွန်း (၁) ဇွန်း
ဒူးရင်းသီး (အသားချည်း) - ၃၀၀ ဂရမ်

ပထမဦးစွာ Crepe ပြုလုပ်ဖို့အတွက် ဂျုံ၊ ပြောင်းဖူးဂျုံ၊ ကြက်ဥ၊ နွားနို့၊ ထောပတ်ရည်၊ ဗီနီလာအနံ့၊ Food Colouring တို့ကို မွှေစက်





(သို့) လက်နဲ့မွှေတဲ့ ကိရိယာတို့နဲ့ သမအောင်မွှေပါ။ ပြီးနောက် မကျေဘဲကျန်နေတဲ့ ဂျုံမှုန့်များ မရှိစေဖို့ ဇကာတိုက်ပေးပါ။ မီးအအေးဆုံးနဲ့ အပူပေးကာ ဒယ်အိုးတည်ထားပါ။ အိုးပူလာပြီဆိုပါက ခုနပြုလုပ်ထားတဲ့ မုန့်နှစ်ကို အိုးထဲထည့်ကာအချပ်လိုက်ကလေးရအောင်ပြုလုပ်ပါ။ ဒီနေရာက စိတ်အရှည်ရဆုံးပါ။ ဟိုဘက်ဒီဘက် လှန်ပေးပါ။ အချပ်လိုက်ကလေးရလာပြီဆိုပါက ပန်းကန်ထဲတွင်ထည့်ကာ အအေးခံပေးထားပါ။

Crepe အချပ်လေးတွေ ပြုလုပ်နေတုန်း Whipped Cream ကို ရေခဲသေတ္တာထဲထည့်ပြီး ခဏအအေးခံထားပါ။ အဲ့ဒါမှ မွှေရင် ခရင်မ်ဖြစ်တာပါ။ ထို့နောက် ခရင်မ်နဲ့ သကြားတို့ကို ရောထည့်ကာ မွှေပေးပါ။ ဒူးရင်းသီးအသားများ ကိုသာဖဲ့ကာ ပန်းကန်လုံးတစ်လုံးထဲမှာ ထည့်မွှေပေးပါ။ ခရင်မ်လိုမျိုး ဖြစ်တဲ့အထိ မွှေပေးပါ။

နောက်ဆုံးမှာတော့ ပြုလုပ်ထားတဲ့ Crepe အချပ်ကလေးများထဲမှ တစ်ချပ်ကိုယူကာ အဲ့ဒီအပေါ်မှာ Whipped Cream နဲ့ ဒူးရင်းသီးအနှစ်တို့ကိုထည့်ပေးပါ။ အလယ်နားလောက်မှာပဲထည့်ပါရှင်။ ထို့နောက် ခေါင်းအုံးပုံစံ သို့မဟုတ် အလိပ်ကလေးများ ပြုလုပ်လေ့ရှိပါတယ်။ အခုဆိုရင်တော့ ချို၊ ဆိမ့်၊ အီ၊ မွှေးအရသာကို ခံစားရမယ့် ဒူးရင်းCrepe ကိတ်တွေကို သုံးဆောင်နိုင်ပါပြီ။

Ref: https://www.youtube.com/watch?v=aod13gHgBhs









## Comments Welcome

STRATEGY FIRST INSTITUTE rS ausmifom;?ausmifolrsm; tqifajyrSm; twufqHk&mOD;tmifcsufcif (Principal) oHk wkd/Hkpfqufb,fwkdum;EdkifzkdufyWifESifwu email rSm;ukd nfatmufwifazmfjyxm;yonf

**(09) 250 7171 66~68**

**aungchitkhin@mystrategyfirst.com**

# Duct Tape Marketing

ခင်ကံ့ကော်




မင်္ဂလာပါ **Strategy First Times** မှ ကောင်းနိုးရာရာ စာအုပ်တွေကို ရွေးချယ်ဖော်ပြပေးတဲ့ **Strategy First** စာအုပ်စင်ကဏ္ဍမှာ ဒီတစ်ပတ် မိတ်ဆက်ပေးချင်တာကတော့ အသေးစားနဲ့အလတ်စားလုပ်ငန်းတွေအတွက် အသုံးဝင်မယ့်ဈေးကွက်စီးပွားရေးဆိုင်ရာနည်းလမ်းတွေအကြောင်းကိုရေးသားထားတဲ့ Duct Tape Marketing ဆိုတဲ့စာအုပ်ပဲဖြစ်ပါတယ်။

စာရေးသူ John Jantsch ဟာ Jantsch Communication ဆိုတဲ့ ဈေးကွက်စီးပွားရေးဆိုင်ရာအကြံပေးလုပ်ငန်းကို တည်ထောင်ထားပြီး အသေးစားစီးပွားရေးလုပ်ငန်းတွေအတွက်အသုံးဝင်တဲ့ Duct Tape Marketing ဆို တဲ့ အယူအဆကို စတင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ဒီအကြောင်းအရာနဲ့ ပတ်သတ်ပြီး ဆွေးနွေးပွဲတွေမှာ ဟောပြောနေရသူဖြစ်ပြီး စာအုပ်စာပေတွေကို ပုံမှန်ရေးသားထုတ်ဝေနေသူလည်းဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာစာရေးဆရာရဲ့ အတွေ့အကြုံပေါ်ကို အခြေခံကာ အသေးစားစီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ရာမှာ အသုံးဝင်မယ့် နည်းလမ်းတွေကို လေ့လာရမှာပါ။

စာအုပ်ကိုစကြည့်မိတုန်းက အများနဲ့မတူတဲ့ နာမည်လေးကြောင့် စိတ်ဝင်စားမိပါတယ်။ Duct Tape Marketing ဆိုတာ ဘာကိုပြောတာဖြစ်မလဲ၊ ဘာတွေများရေးသားဖော်ပြထားမလဲဆိုပြီးစိတ်ဝင်စားမိတဲ့အတွက်ရွေးချယ်ဖတ်မိပါတယ်။ မျှော်လင့်မထားလောက်အောင်ပြီးပြည့်စုံတဲ့ Marketing နည်းလမ်းတွေကို လေ့လာရပါတယ်။ သေးငယ်တဲ့ စာအုပ်ဖြစ်ပေမယ့် Marketing သဘောတရားများကို လက်တွေ့အသုံးချနိုင်အောင်ထိရေးသားတင်ပြထားနိုင်တဲ့အတွက် စာရေးဆရာကို အလွန်လေးစားမိပါတယ်။




Duct Tape Marketing ဟာ ရိုးရှင်းပြီး အသုံးဝင်တဲ့အတွက် အိမ်တွေမှာ မရှိမဖြစ်လိုအပ်သလိုပဲ အသေးစားစီးပွားရေးလုပ်ငန်းတွေအတွက် Marketing ဟာလည်း ရိုးရှင်းလွယ်ကူပြီး နားလည်လွယ်ရမယ်။ ဖော်ပြထားတဲ့နည်းလမ်းတွေကို လက်တွေ့အကောင်အထည်ဖော်ရာမှာလည်း အသေးစားလုပ်ငန်းတွေအတွက် တတ်နိုင်တဲ့ အတိုင်းအတာလည်းဖြစ်ရမယ်။ (အကုန်အကျ အရမ်းများမယ့်နည်းလမ်းတွေမဖြစ်သင့်ဘူးဆိုပါတော့)။ အသုံးပြုရလည်းလွယ်ကူရမယ်။ ဒီလိုညွှန်းဆိုပြီးတော့ Duct Tape Marketing လို့ တင်စားထားခြင်းဖြစ်ပါတယ်။

စာရေးဆရာဟာ သူ့ရဲ့Marketing အယူအဆအသစ်ကို မိတ်ဆက်ရာမှာ အပိုင်းသုံးပိုင်းခွဲပြီး လေ့လာတင်ပြထားတာ တွေ့ရပါတယ်။ ပထမအပိုင်းမှာ မိမိလုပ်ငန်းရဲ့Customer များ (ဖောက်သည်များ) ကိုသိနားလည်အောင် ကြိုးစားခြင်းမှစ၍ အဖွဲ့အစည်းအတွင်း ပါဝင်သူအားလုံး Marketing သဘောတရားကို နားလည်ပြီး Marketing လုပ်ငန်းများတွင် ပါဝင်လာအောင် ဆောင်ရွက်ခြင်းအထိ ပါဝင်မှာပါ။ စာရေးသူအဆိုအရ Marketing ရဲ့အခြေခံအချက်ဖြစ်တဲ့သိအောင်လုပ်၊ကြိုက်အောင်လုပ်၊ ယုံကြည်အောင် လုပ်ဖို့အတွက် သိသင့်တဲ့ အခြေခံအချက်အကြောင်းအရာတွေကို တင်ပြသွားပါတယ်။

ဒုတိယအပိုင်းမှာတော့ ပထမပိုင်းက ရရှိထားတဲ့ အသိပညာတွေကို မိမိလုပ်ငန်းအတွက် အကျိုးရှိအောင် အသုံးချဖို့လိုအပ်တဲ့ Marketing နည်းလမ်းတွေကို ထပ်မံရှင်းလင်းမိတ်ဆက်ပေးထားပါတယ်။ ဒီအပိုင်းမှာ Advertising, Direct Mail, Media တွေနဲ့ ပတ်သတ်ပြီး သိသင့်တဲ့အကြောင်းရာတွေ၊ အသေးစားလုပ်ငန်းတွေအတွက် သူတို့ကို ဘယ်လိုအသုံးချသင့်တယ်ဆိုတာတွေ ပါဝင်ပါတယ်။ နောက်ဆုံးအပိုင်းကတော့ မိမိချထားတဲ့ Marketing Plan အတိုင်း လုပ်ဆောင်ဖို့နဲ့ Marketing Plan ရဲ့ထိရောက်မှုကို စစ်ဆေးခြင်းတို့ ပါဝင်ပါတယ်။

ခေါင်းစဉ်တစ်ခုချင်းစီအောက်မှာတကယ်ကိုအသုံးဝင်ပြီး လက်တွေ့ကျတဲ့ Marketing သဘောတရားတွေပါ ဝင်တာကြောင့် မလွတ်တမ်းဖတ်ကြည့်သင့်တဲ့စာအုပ်ကောင်းတစ်အုပ်ဖြစ် တယ်လို့ ညွှန်းဆိုပါရစေ။

မြန်မာနိုင်ငံရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် စီးပွားရေးအခြေအနေတွေကို ပညာရပ်ရော၊
လက်တွေ့ဘဝများနဲ့ ပေါင်းစပ်သုံးသပ် တင်ပြထားပြီး မူဝါဒချမှတ်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊
စီးပွားရေးပညာ လေ့လာသင်ယူနေသူများနှင့် အများပြည်သူ ဖတ်ရှုသင့်၊ လက်စွဲဆောင်ထားသင့်တဲ့



ရွှေပြည်တော်မဝေးတော့ပြီ
နှင့် အခြားမြန်မာ့စီးပွားရေးဆောင်းပါးများစုစည်းမှု
ဒေါက်တာစိန်မင်း

အပြင်ရောင်းဈေး တစ်အုပ် ၂၅၀၀ ကျပ်
ကျောင်းမှာရောင်းဈေး တစ်အုပ် ၂၀၀၀ ကျပ်






**Microsoft Word (Android,iOS)**

Microsoft Word ဟာ Word Processing လောကရဲ့ အကောင်းဆုံး Software တစ်ခု ဖြစ်ပြီးတော့ လူတိုင်း၊ ရုံးတိုင်းနေ့စဉ် အသုံးပြုနေကြတဲ့ Software တစ်ခုလည်း ဖြစ်ပါတယ်။ Microsoft Word ရဲ့ Mobile Version ဟာ Desktop မှာအသုံးပြုလို့ရတာ အကုန်လုံးကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ သင့်ရဲ့ Cloud မှာတင်ထားတဲ့ Documents တွေ အကုန်လုံးကို Mobile ဖုန်း၊ Tablet တို့မှာ အချိန်မရွေးပြန်ယူပြီး ပြင်ဆင် အသုံးပြုလို့ရမှာလည်းဖြစ်ပါတယ်။ Reading Mode ကို ပြောင်းလဲမယ်ဆိုရင်လည်း ရှည်လျားတဲ့ Document တွေကို Ebook ဖတ်ရသလို View မြင်ကွင်း ပြောင်းလဲပေးမှာ ဖြစ်ပါတယ်။ Mobile ဖုန်းတွေမှာ သာမန်ဆိုရင် Note Application နဲ့ သာ အများစုက မှတ်စုတွေ မှတ်တတ်ကြပြီး အဲဒီလို App တွေနဲ့မှတ်ရင် PC ပေါ်ပြန်ယူတဲ့အခါ အခက်အခဲရှိတတ်ပါတယ်။ MS Word ကတော့ Word File နဲ့ မှတ်တဲ့အတွက်ကြောင့် ကြိုက်တဲ့နေရာမှာ ပြန်အသုံးပြုနိုင်ပါတယ်။

စာရေးဆရာတွေ၊ Assignment တွေ အမြဲလုပ်နေရတဲ့ ကျောင်းသားတွေ၊ ရုံးသမားတွေ အတွက် အသုံးတည့်မယ့် App တစ်ခု ဖြစ်ပါတယ်။

**Inbox by Gmail(Android,iOS)**

G-mail ရဲ့ Version သစ်တစ်မျိုးဖြစ်ပြီး Android ၊ iOS၊ PC တို့မှာ ရရှိနိုင်ပါတယ်။ Inbox ရဲ့ အဓိက အားသာချက်က ဝင်လာတဲ့ E-mail တွေ အကုန်လုံးထဲက အရေးကြီးတယ်လို့ ထင်ရတဲ့ E-mail တွေကို ထိပ်ဆုံးမှာ ဖော်ပြပြီးတော့ ကျန်တာတွေကို ကဏ္ဍ(၇)ခု ခွဲပြီး အလိုအလျောက် စီထားပေးတာ ဖြစ်ပါတယ်။ Purchases ၊ Finance ၊ Social ၊ Updates ၊ Forums Promos နဲ့ Low Priority ဆိုပြီး ခေါင်းစဉ်တွေနဲ့ စုပေးထားပါတယ်။ အရေးကြီးတဲ့ E-mail တွေဝင်မှသာ Notification ပေါ်အောင် လုပ်လို့ရသလို ခေါင်းစဉ်တစ်ခုတိုင်းစီ ဥပမာ – Promos ကိုလည်း (၁)ရက်မှတစ်ခါ၊ တစ်ပတ်မှတစ်ခု စသည်ဖြင့်မှ Notification ပေးအောင် သတ်မှတ်ထားလို့ရပါတယ်။ E-mail တစ်စောင်ချင်းစီကိုလည်း ဘယ်နေ့မှပြန်ဖတ်ရမယ်၊ Reply လုပ်ရမယ်ဆိုတာမျိုး မမေ့အောင် Snooze လုပ်ပြီးပြန်သတိပေးခိုင်းလို့ရသလို Inbox ရဲ့ထိပ်မှာလည်း Pin လုပ်ပြီး Mail တွေကိုတင်ထားလို့ရပါတယ်။ အကောင်းဆုံးတစ်ချက်ကတော့ E-mail တွေကို Send လုပ်ပြီးပို့ပြီး သွားရင် ပြန်ဖျက်လို့ရတာပါပဲ။ E-mail ပို့ပြီး ပြီးချင်းမှာ "UNDO" ဆိုတဲ့ ခလုတ်လေး ပေါ်လာမှာ ဖြစ်ပြီး အချိန် ၁၅ စက္ကန့်လောက်အတွင်းမှာ "UNDO'"ကို နှိပ်မယ်ဆိုရင် E-mail ကို ဖျက်ပေးမှာ ဖြစ်ပြီး ဟိုဘက်ကို ရောက်သွားမှာ မဟုတ်ပါဘူး။








## EXCEL TUTORIAL

ယခုအပတ်မှာ Excel ကို Formula ရေးရာမှာCell Reference များကို Relative Reference နဲ့ Absolute Reference ပြုလုပ်ပြီး အသုံးပြုပုံအကြောင်းကို တင်ပြသွားပါမယ်။ Cell တစ်ကွက်မှာ Formula တစ်ခု ရေးပြီး ကျန် Cell များမှာလည်း အဲဒီ Formula အတိုင်း ပြန်လည်အသုံးပြုလိုတဲ့အခါ တခြား Cell များမှာ Fill Handle Tool နဲ့ Dragging ဆွဲပြီး ၎င်းနဲ့သက်ဆိုင်ရာ Cell Reference အလိုက်ပြောင်းလဲပြီး Copy ကူးယူနိုင်ပါတယ်။ ဤနည်းဟာ Relative Reference အရ Formula ယူသုံးခြင်းဖြစ်တယ်။

**Relative Reference**

ပထမ Cell မှာ တွက်ထားတဲ့ Formula ကို ၎င်းနဲ့ကပ်လျက် အခြား Cell တွေမှာလည်း အဲဒီ Formula အတိုင်း ယူတွက်လိုတဲ့အခါ Formula ကို Cell တိုင်းမှာ လိုက်ရေးဖို့မလိုဘဲ Cell တစ်ကွက်မှ Formula ကို ကျန် Cell များမှာ Fill Handle Tool နဲ့ Dragging ဆွဲပြီး Copy ကူးယူနိုင်ပါတယ်။ ထိုအခါ Copy ကူးယူလိုက်တဲ့ Cell များမှ Formula ရဲ့ Cell Reference တွေဟာ Cell ရဲ့ Position ကိုလိုက်ပြီး Reference များ ပြောင်းလဲသွားလိမ့်မယ်။

ဥပမာ – မိမိက Column C မှ Qty နဲ့ Column D မှ Unit Price တွေကို Column E မှာ Total ရှာမယ်ဆိုပါက Column E ရဲ့ Cell E2 မှာ = C2 * D2 ဟု Formula ရေးထည့်ပါ။ E2 မှ E6 အထိ Cell များတွင် ထို Formula အတိုင်း ထည့်လိုတဲ့အခါ Formula ထည့်ရေးထားတဲ့ E2 Cell ကို ကျန် Cell များသို့ Fill Handle Tool နဲ့ Drag ဆွဲပြီး Copy ကူးယူပါ။ ထိုအခါ Dragging ဆွဲပြီး ထည့်လိုက်တဲ့ Cell များမှ Formula ထဲရှိ Cell Reference များဟာ Cell ရဲ့ Positon ကိုလိုက်ပြီး Reference များပြောင်းလဲနေလိမ့်မယ်။ ထိုအခါ E3 Cell မှာ Formula သည် = C3 * D3 ဖြစ်ပြီး အခြား Cell များမှာလည်း ၎င်းနဲ့သက်ဆိုင်ရာ Reference အလိုက် အသီးသီး ပြောင်းလဲနေပေလိမ့်မယ်။ အဲဒီနည်းနဲ့ Forumla ယူသုံးလိုတဲ့ Cell များဟာ Column အလိုက် ရှိနေရင် Column အလိုက် Drag ဆွဲပြီးသော်လည်းကောင်း၊ Row အလိုက်ရှိနေရင် Row လိုက် Drag ဆွဲပြီး အသုံးပြုနိုင်ပါတယ်။ နောက်အပတ်များမှာ Absolute Reference အကြောင်းကို ဆက်လက် တင်ဆက်ပေးသွားပါမယ်။

**Global Link Technology**

# Article 3.1 - Relative Reference and Absolute Reference

| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | ProductID | Product Name | Quantity | Unit Price | Total |
| 2 | 1 | Apple | 192 | 146 | =C2*D2 |
| 3 | 2 | Orange | 89 | 135 | =C3*D3 |
| 4 | 3 | Watermelon | 198 | 177 | =C4*D4 |
| 5 | 4 | Banana | 187 | 177 | =C5*D5 |
| 6 | 5 | Pineapple | 67 | 101 | =C6*D6 |
| 7 | | | | | |
| 8 | | | | | |

# မက်ဆီကိုနိုင်ငံသမ္မတဟောင်းနဲ့ Laureate Universities Network ရဲ့ Presidential Counselor Ernesto Zedillo ရဲ့ ဆွေးနွေးပွဲသို့ Stamford MBA ကျောင်းသား၊ ကျောင်းသူများ တက်ရောက်








**STRATEGY FIRST** မှ ဆရာဦးအောင်ချစ်ခင်နဲ့ Stamford MBA တက်ရောက်နေကြတဲ့ကျောင်းသား/သူများဟာ ဖေဖော်ဝါရီ(၃)ရက်နေ့မှာ Stamford International University မှ ကျင်းပပြုလုပ်တဲ့ Globalization and the Role of Youth in Shaping Tomorrow's Economy ဟောပြောပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲမှာ Professor Ernesto Zedillo မှ Globalization and the Role of Youth in Shaping Tomorrow's Economy ခေါင်းစဉ်နဲ့ဟောပြောခဲ့ပြီး Stamford International University မှ President Dr.Andrew Scown နဲ့ အပြန်အလှန်ဆွေးနွေးမှုတွေလည်း ပြုလုပ်ခဲ့ကြပါတယ်။ Professor Ernesto Zedillo ဟာ ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ခုနှစ်အထိ မက်ဆီကိုနိုင်ငံ သမ္မတအဖြစ် တာဝန်ယူခဲ့သူ ဖြစ်ပါတယ်။ Professor Ernesto Zedillo ဟာ Yale တက္ကသိုလ်မှာ Globalization, Economics and Politics, International and Area Studies, Forestry and Environmental Studies တို့ကို Professor တစ်ယောက်အဖြစ် သင်ကြားပေးနေပြီးတော့ Laureate Universites တက္ကသိုလ်များအဖွဲ့ရဲ့ Presidential Counselor အဖြစ် တာဝန်ယူထားသူလည်းဖြစ်ပါတယ်။

# သင့်ရဲ့ ဝန်ထမ်းတွေ မူးယစ်ဆေးသုံးမသုံး စမ်းသပ်စစ်ဆေးမှုတွေ လုပ်သင့်တဲ့ အကြောင်းရင်းများ



ဝန်ထမ်းတွေကို မူးယစ်ဆေးသုံးထားခြင်း ရှိ၊မရှိ စစ်ဆေးစမ်းသပ်ရတဲ့အလုပ်ကိုမလိုအပ်တဲ့အလုပ်တစ်ခုလို့ ရှုမြင်ကောင်းမြင်ပါလိမ့်မယ်။ လုပ်ငန်းတော်တော်များများဟာလည်း ဒီလုပ်ဆောင်မှု အလေ့အထနဲ့ ပတ်သက်လို့ သိပ်ပြီး လောက်လောက်လားလားဆွေးနွေးမှုတွေမလုပ်တတ်ကြပါဘူး။ဝန်ထမ်းတွေအနေနဲ့လည်း စစ်ဆေးရတဲ့ အကြောင်းအရင်းနဲ့ အကျိုးတွေကို မသိတာမျိုးတွေ ရှိတဲ့အခါ မကြိုက်တာမျိုးတွေ ရှိတတ်ပါတယ်။ တကယ်လို့ သင့်အနေနဲ့လည်း သင့်လုပ်ငန်းအတွက် ဒီလိုမျိုး စမ်းသပ်မှု လုပ်ဖို့ သင့်၊မသင့် ဆုံးဖြတ်ရတော့မယ်ဆိုရင် အောက်ပါအချက်တွေကို အရင်ကြည့်ဖို့တော့ လိုပါလိမ့်မယ်။

## ၁။ အလုပ်ပြီးစီးနိုင်စွမ်း

မူးယစ်ဆေးသုံးထားခြင်းကြောင့် ဖြစ်လာမယ့် အဓိက မကောင်းတဲ့ အကျိုးဆက်တွေထဲကတစ်ခုကတော့ အလုပ်ရဲ့ ထုတ်လုပ်နိုင်မှုစွမ်းအား၊ အလုပ်ပြီးစီးနိုင်စွမ်း လာရောက်ထိခိုက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးကိုစွဲသုံးနေကြသူတွေများဆိုရင် မသုံးတဲ့သူတွေလောက် အလုပ်မှာ တန်းတူ လုပ်နိုင်မှာမဟုတ်ပါဘူး။ အပြိုင်အဆိုင်လုပ်ကြရတဲ့ စီးပွားရေးလောကမှာတော့ ပုံမှန်အောက်စွမ်းဆောင်ရည်လျော့ကျနေတဲ့ ဝန်ထမ်းတွေကြောင့် အလုပ်အပေါ်မှာ သိသိသာသာဆိုးကျိုးတွေလာပြီးကျရောက်နိုင်ပါတယ်။

တကယ်လို့ အလုပ်ခွင်ထဲမှာ တစ်ယောက်ယောက်ကများ မူးယစ်ဆေးသုံးထားမယ်ဆိုရင်ဒါဟာသူလုပ်နေတဲ့အလုပ်ပေါ်မှာလည်း အသုံးဝင်နိုင်မှု နည်းပါးလျော့နည်းသွားမှာဖြစ်သလိုသူနဲ့တွဲလုပ်ရတဲ့ဝန်ထမ်းတွေအနေနဲ့လည်း အလုပ်ပို ပိတာ၊ ပိုများလာတာမျိုး ဖြစ်သွားနိုင်ပါတယ်။ အဲဒီပုဂ္ဂိုလ် ဆေးသုံးနေသမျှ ကာလပတ်လုံး သူတို့တွေရဲ့ ထုတ်လုပ်မှုက ကျကိုကျနေတော့မှာပဲ ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာမှာ လာပြီး မထိခိုက်နိုင်ပါဘူးဆိုဦးတောင်မှ တခြားသူရဲ့ လုပ်ဖော်ကိုင်ဖက်တွေအနေနဲ့အလုပ်မတွင်တာမျိုး ဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်။

## ၂။ ဘေးကင်းလုံခြုံရေး

လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးပိုင်းနဲ့ ပတ်သက်လို့ ပြောရရင်လည်း ဒီလိုမျိုးမူးယစ်ဆေးသုံး၊မသုံးစမ်းသပ်မှုရဲ့အရေးပါအရာရောက်မှုကို ဘယ်လိုမှ ပစ်ပယ်ထားလို့ မရပါဘူး။ တစ်စုံတစ်ယောက်ကများအလုပ်ထဲကိုပုံမှန်အခြေအနေမဟုတ်ဘဲရောက်လာနေတတ်တယ်ဆိုရင်အဲဒါကသူကိုယ်တိုင်အပေါ်မှာသာမက တခြားလုပ်ဖော်ကိုင်ဘက်တွေ၊ ဖောက်သည်တွေအပေါ်မှာပါ ဆိုးကျိုးတွေ ကျရောက်လာနိုင်ပါတယ်။ မူးယစ်ဆေးတွေ သုံးထားပြီး အလုပ်ကို လာတာမဟုတ်ဘူးဆိုဦးတော့ သုံးနေကျသူမှာ ဖြစ်တတ်တဲ့ ဘေးထွက်ဆိုးကျိုးတွေကလည်း အလုပ်အပေါ် ထိခိုက်သွားနိုင်ပါတယ်။

ဒါကြောင့်မို့ ဆေးသုံး၊မသုံး ပုံမှန်စမ်းသပ်စစ်ဆေးမှုအစီအစဉ်ကြောင့် အလုပ်ခွင်တွေထဲကနေ ဆေးသုံးသူတွေကို ဖယ်ရှားပေးနိုင်ပါလိမ့်မယ်။ ဒီအစီအစဉ်သာ လူသိများသွားမယ်ဆိုရင် အဲဒီအချက်က မူးယစ်ဆေးသုံးသူတွေ အလုပ်လာမလျှောက်ရဲလောက်အောင်အလိုလိုတားဆီးပေးပြီးသားတောင် ဖြစ်သွားနိုင်ပါတယ်။ သင့်တံခါးတွေဆီလာခေါက်တော့မယ့် ပြဿနာတွေကိုအလိုလိုထိန်းပြီးသား ဖြစ်သွားနိုင်ပါတယ်။

## ၃။ သိက္ခာ သမာဓိရှိမှု

အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းတစ်ခုရဲ့အခြေခံကျတဲ့ အစိတ်အပိုင်းတစ်ခုကတော့ ဂုဏ်သိက္ခာပဲ ဖြစ်ပါတယ်။ လုပ်ငန်းအများစုမှာတော့ မူးယစ်ဆေးသုံးစွဲမှုနဲ့ ပတ်သက်လို့ တားမြစ်ဆန့်ကျင်တဲ့ မူဝါဒတွေ ရှိပါတယ်။ ဝန်ထမ်းတွေဟာ ဒီလိုမျိုး မူဝါဒတွေကိုသဘောတူခဲ့ပြီးမှဖောက်ဖျက်တယ်ဆို ဒီလူဟာ ယုံကြည်စရာမကောင်းတဲ့လူ ၊ ကတိမတည်တဲ့လူစားမျိုးဆိုတာ သိသာစေပါတယ်။

အလုပ်ချိန်ပြင်ပရောက်ချိန်မှာပဲဖြစ်ဖြစ် သင့်ဝန်ထမ်းတွေဟာ သင့်လုပ်ငန်းရဲ့ ပုံရိပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေကို မူးယစ်ဆေးပြဿနာ ကင်းရှင်းစေခြင်းက သင့်ရဲ့ လုပ်ငန်းအဖွဲ့အစည်းတစ်ခုလုံးအတွင်းမှာလည်းယုံကြည်မှုနဲ့ဂုဏ်သိက္ခာတွေ တိုးပွားသွားစေနိုင်ပါတယ်။

## ၄။ ကျန်းမာရေး စောင့်ရှောက်မှု

စီးပွားရေး လုပ်ငန်းအများစုအတွက်ကတော့ ကျန်းမာရေး စောင့်ရှောက်မှု ကုန်ကျစရိတ်က အဓိက ပူပန်စရာ ကိစ္စတစ်ခု ဖြစ်ပါတယ်။ တရားမဝင် ဆေးဝါးတွေ ပုံမှန်သုံးနေတဲ့ ဝန်ထမ်းတွေကြောင့် အလုပ်ခွင်ဘေးကင်းလုံခြုံရေးပိုင်းမှာ အန္တရာယ်တွေ တိုးပွားစေရုံသာမကဘဲ တခြားဝန်ထမ်းတွေနဲ့စာရင် သူတို့အတွက် ဆေးဝါးကုန်ကျစရိတ်တွေပိုသုံးပေးရဖို့ရှိနေတာဖြစ်ပါတယ်။ ဝန်ထမ်းတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်တွေကိုအလုပ်ရှင်ဘက်က ကူညီကုန်ကျခံ ပေးနေတာမျိုးဆိုရင်တော့ မူးယစ်ဆေးသုံးလို့ ဖြစ်လာတဲ့ရောဂါတွေကို ကုပေးရတဲ့ ကုန်ကျစရိတ် များပြားနေခြင်းက လုပ်ငန်းအပေါ်လာပြီးထိခိုက်လာမှာပဲ ဖြစ်ပါတော့တယ်။

နောက်ဆုံးအနေနဲ့ပုံမှန်စစ်ဆေးမှုတွေပြုလုပ်နေတဲ့ အခါမှာ အရင်တုန်းကတစ်ခါတစ်ရံသုံးဖူးတဲ့သူတွေဟာလည်း အလုပ်ထိခိုက်မှာ စိုးတဲ့အတွက် ဝေးဝေးရှောင်တော့မှာဖြစ်သလို မသုံးတဲ့သူတွေဟာလည်း လုံးဝမသုံးဖို့ အသိစိတ်ရှိသွားမှာ ဖြစ်ပါတယ်။ဒီလိုပြုလုပ်မှုကြောင့်အလုပ်ပတ်ဝန်းကျင်၊ဝန်ထမ်းတွေအချင်းချင်း အပြင်ကုမ္ပဏီနဲ့စပ်ဆိုင်တဲ့နေရာတွေ အကုန်လုံးမှာ အကျိုးများ လာနိုင်ဖို့ပဲ ရှိပါတယ်။

**သီဟ**

မင်္ဂလာပါခင်ဗျာ။
Marketing Management Batch-(12-01) အတန်းမှမနှင်းဝတ်ရည်အောင်၏ Memory Stick ကျွန်တော်၏ ပေါ့ဆမှုကြောင့် ပျောက်ဆုံးသွားပါသဖြင့် အနူးအညွတ် တောင်းပန်အပ်ပါသည်။



**Aung Zaw Naing**
Associate (Student Service)

# A simple way to break a bad habit

Strategy First Times ရဲ့ Ted Talk ကဏ္ဍမှာ Ted.com က ကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာ လေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Judson Brewer ရဲ့ "A simple way to break a bad habit" ဆိုတဲ့ ဗီဒီယိုကို ဖော်ပြထားပါတယ်။



လူတွေဟာ အကျင့်ဆိုးတွေကို ဘယ်လို ရပ်တန့်ရမလဲ ဆိုတာကို Judson Brewer က စိတ်ပိုင်းဆိုင်ရာနဲ့ စွဲလမ်းခြင်းကို ခွဲခြမ်းစိတ်ဖြာပြီး ပြောပြထားပါတယ်။ အစားအသောက်တွေ အလွန်အကျွံစားတာ၊ ဆေးလိပ်သောက်တာ စတာတွေဟာ လူ့ကျန်းမာရေးကို ဖျက်ဆီးနေတဲ့ အကျင့်ဆိုးတွေဖြစ်ပြီးတော့ လူတွေဟာ မကောင်းမှန်း သိသိကြီးနဲ့ကို လုပ်နေကြတာဖြစ်ပါတယ်။ သူက ဒီဗီဒီယိုထဲမှာ အကျင့်တစ်ခုဖြစ်လာဖို့အတွက် ဘယ်လိုမျိုးဖြစ်လာသလဲ၊ ဘယ်လိုမျိုး အကျင့်တွေကို ဖျောက်ဖျက်နိုင်မလဲ ဆိုတာကို ရှင်းလင်း သင်ပြထားပါတယ်။

## သီဟ

စိတ်ပညာဆိုင်ရာ ပညာရှင် Judson Brewer ဟာ science of self mastery ဆိုတဲ့ ကိုယ့်ခန္ဓာကိုယ်ကို အလုံးစုံ ထိန်းချုပ်နိုင်ခြင်းပညာမှာ ဆရာတစ်ဆူဖြစ်ပြီးတော့ သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုတွေ များစွာပြုလုပ်နေတဲ့ သူတစ်ယောက်လည်း ဖြစ်ပါတယ်။ မကောင်းတဲ့အကျင့်တွေ ရှိနေတဲ့သူတွေကို စိတ်ပိုင်းဆိုင်ရာ ခွန်အားရှိလာအောင် လေ့ကျင့်သင်ကြားပေးနေသူတစ်ယောက်လည်း ဖြစ်ပါတယ်။




The STRATEGY FIRST Times

**Editor-in-Chief**
Aung Chit Khin

**Advisor**
Dr. Sein Min

**Editor-in-Charge**
Thiha Than Naing

**Senior Reporter/ Assistant Editor**
Thiha Ko Ko
Naing Naing Zaw

**Contributors**
NCC Students

**Layout & Design**
War War Tun

**Senior Business Manager**
Aung Kyaw Htay
May Thet Hnin

**Free Distribution**

**Price** - Free
**Circulation** - 2500

**Publisher**
Aung Chit Khin
( Reg - 01221)

**Printing House**
U Aung Naing Tun
(Amimyay - 00199)

**Address**
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

# LA LA LAND

**SFJ Team**



နာမည်ကျော်လူငယ်ဒါရိုက်တာ Damien Chazelle (အော်စကာဆုစံကာတင်စာရင်းဝင် Whiplash နဲ့ The Last Exorcism Part II) ရေးသားရိုက်ကူးထားတဲ့ LA LA LAND ဆိုတဲ့ ရုပ်ရှင်ကားဟာဆိုရင် အခုအချိန်မှာ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ Musical ကားကောင်းတစ်ကား ဖြစ်ပါတယ်။ အဓိက သရုပ်ဆောင်တွေကတော့ Ryan Gosling နဲ့ Emma Stone တို့ပဲ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို ကနဦးရိုက်ကူးဖို့ ရွေးချယ်ထားတာတော့ သူတို့နှစ်ယောက်မဟုတ်ခဲ့ပါဘူး၊ အစက Harry Potter မင်းသမီး Emma Watson နဲ့ Whiplash မင်းသား Miles Teller တို့ကို ရွေးချယ်ထားပေမယ့် ကောလာဟလတွေအရတော့ Emma Watson က သီချင်းလေ့ကျင့်မှုတွေကိုအင်္ဂလန်မှာပဲ ပြုလုပ်ရမယ်လို့ တောင်းဆိုတာနဲ့ Miles Teller က သရုပ်ဆောင်ကြေး (၂)သန်း ထပ်တိုးပေးဖို့တောင်းဆိုတာတို့ကြောင့် အဆင်မပြေခဲ့ဘဲ သရုပ်ဆောင်တွေလဲခဲ့ရတာလို့ ဆိုပါတယ်။ LA LA LAND ဟာ ဇန်နဝါရီ ၃၀ ရက်နေ့စာရင်းများအရ Box Office မှာ ဒေါ်လာ ၂၂၆.၅ သန်း ဝင်ငွေရရှိထားပြီး ရိုက်ကူးစရိတ်က ဒေါ်လာ သန်း ၃၀ ပဲ အသုံးပြုထားတာဖြစ်ပါတယ်။

ကျော်ကြားမှုကျဆင်းလာပြီ ဖြစ်တဲ့ Jazz music ကို ပြန်လည် အသက်သွင်းဖို့ ကြိုးစားနေတဲ့ Sebastian Wilder ဆိုတဲ့ Jazz Pianist အဖြစ် Ryan Gosling က သရုပ်ဆောင်ထားပြီးတော့ ရုပ်ရှင်၊ပြဇာတ် သရုပ်ဆောင် အရမ်းဖြစ်ချင်တဲ့ Mia အဖြစ် Emma Stone တို့က အဓိက သရုပ်ဆောင်ထားပါတယ်။

သူတို့နှစ်ယောက်ဟာ Los Angeles မြို့မှာ နေထိုင်ကြပြီး အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေသူတွေ ဖြစ်ပါတယ်။ တစ်ရက်မှာ အမှတ်မထင် တွေ့ဆုံခဲ့ကြပြီး နောက်မှာ နှစ်ယောက်တွဲမိသွားပြီး အခက်အခဲများစွာ ရင်ဆိုင်ရပုံတွေနဲ့ အိပ်မက်နောက်လိုက်လျှောက်ခြင်းရဲ့မလွယ်ကူတဲ့ အရာများကို Musical ရုပ်ရှင်ဆိုတဲ့အတိုင်း သီချင်းတွေနဲ့ ပုံဖော်ထားတာကို ရှုစားရမှာဖြစ်ပါတယ်။ ဒီကားဟာ ရှေးခေတ် Hollywood မှာ အလွန်ခေတ်စားခဲ့တဲ့ Singing in The Rain လိုမျိုး Musical ဇာတ်ကားတွေပုံစံကိုပြန်လည်ပုံဖော်ထားတာဖြစ်ပြီး နောက်ခံတေးသီချင်းတွေ၊ Scene တစ်ခုနဲ့ တစ်ခုကြား ပြောင်းလဲတဲ့ Transaction တွေကအစ ရှေးခေတ်ပုံစံအတိုင်း ဖန်တီးထားတာကို တွေ့ရမှာဖြစ်ပါတယ်။

LA LA LAND ဟာဖေဖော်ဝါရီလ ၂၆ရက်နေ့မှာ ပြုလုပ်မယ့် အော်စကာဆုပေးပွဲအတွက် ဆုရရှိဖို့ စံကာတင် ၁၄ ဆု စာရင်းဝင်ထားပြီး တခြား ရုပ်ရှင်ဆုပေါင်းများစွာလည်း ရရှိပြီးဖြစ်ပါတယ်။အော်စကာ ၁၄ ဆု စာရင်းဝင်ဆိုတာ ၁၉၉၇ ခုနှစ်က Titanic ရုပ်ရှင်နဲ့အတူတူပဲ ဖြစ်ပါတယ်။ သရုပ်ဆောင်တွေထဲမှာ တခြားနာမည်ကျော်တွေအနေနဲ့ J.K Simmon နဲ့ အဆိုတော် John Legend တို့ကလည်း အားဖြည့် သရုပ်ဆောင်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီကားရဲ့ အကောင်းဆုံးအချက်ကတော့ စ၊ လယ်၊ ဆုံး သီချင်းတွေဝေဝေစာစာ နားထောင်ရတာပဲဖြစ်ပါတယ်။

## Strategy First Institute NCC L4 DB Batch (2 FT+ 4 FT) ကျောင်းသား၊ ကျောင်းသူများမှ ၉၉ မိုင် ၄ ဖာလုံရှိ နန်းရွှေပြည်ပရဟိတမိဘမဲ့ကျောင်းသို့ သွားရောက်လှူဒါန်း





**Strategy First Institute** မှာ ပညာသင်ကြားနေတဲ့ NCC L4DB Batch ( 2 FT + 4 FT ) ကျောင်းသား၊ ကျောင်းသူများမှ ၉၉ မိုင် ၄ ဖာလုံရှိနန်းရွှေပြည် ပရဟိတ မိဘမဲ့ကျောင်းကို ဇန်နဝါရီ ၃၁ ရက်နေ့က သွားရောက်လှူဒါန်းခဲ့ကြပါတယ်။ နန်းရွှေပြည် ပရဟိတ မိဘမဲ့ကျောင်းမှာ ကျောင်းနေအရွယ် ၁၇၅ ယောက်နဲ့ မွေးကင်းစ ကလေးငယ် ၄ ယောက် စုစုပေါင်း ၁၇၉ ယောက် ရှိတယ်လို့ သိရပါတယ်။

ကျောင်းသား/ကျောင်းသူများဟာ မိဘမဲ့ကလေးများအတွက် စာရေးကိရိယာ၊ အအေး၊ မုန့်၊ ကလေးအနီး၊ ပုတက်ဂျာနယ်၊ မဂ္ဂဇင်းစာစောင်၊ အာဟာရဒါနအလှူနဲ့ ဝေယျာဝစ္စကုသိုလ်အတွက် ဝတ္ထုငွေများကိုလည်း ကုသိုလ်ပြုလှူဒါန်းခဲ့ကြပါတယ်။



Human Resource Management 12-02
ကျောင်းသား/သူများတောင်ဝိုင်းလေ့လာရေးခရီးစဉ်

# June 2017 ICM Exam Series အတွက် စာမေးပွဲကြေးများနှင့် Transfer fees များကို ဖေဖော်ဝါရီလ (၇) ရက်နေ့မှ (၁၅) ရက်နေ့ထိ ပေးသွင်းနိုင်ပါပြီ။

ယခုလက်ရှိ GBP to US exchange rate အရ တစ်ဘာသာ စတင်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် - Exam + Reg စုစုပေါင်း (83 USD) ကျသင့်မည်ဖြစ်ပါသည်။

ICM member registration fees/ Annual Fees - 35 USD per year.

ICM exam fees - 48 USD per subject.

Transfer fees (March to June) - 33 USD per subject.

(မတ်လတွင်စာမေးပွဲဖြေဆိုရန် ပေးသွင်းထားပြီး ပြောင်းရွှေ့လိုပါက ဘာသာရပ်တစ်ခုလျှင် (၃၃) ဒေါ်လာ ပေးသွင်းရပါမည်။ တစ်ခါပြောင်းရွှေ့ထားဖူးသော ဘာသာရပ်အတွက် နောက်တစ်ကြိမ် ထပ်မံပြောင်းခွင့် မရှိပါ။)

စာမေးပွဲကို ယခုမှ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်အောက်ဖော်ပြပါစာရွက်စာတမ်းများကိုပေးရမည်ဖြစ်ပါသဖြင့် ကြိုတင်ပြင်ဆင်နိုင်ရန် ဖော်ပြပေးလိုက်ပါသည်။

(၁) ဘွဲ့လက်မှတ် (သို့) ဆယ်တန်းအောင်လက်မှတ် (နိုတြီပြန်ထားသောအင်္ဂလိပ်ဘာသာဖြင့်မိတ္တူ (မိတ္တူ) တစ်စောင်၊ မူရင်းများဖြစ်နေပါက ICM သို့ တစ်ခါတည်း ပေးပို့ရမည်ဖြစ်သဖြင့် ပြန်လည်တောင်းယူရန် အဆင်မပြေပါ။)

(၂) Passport ဆိုဒ် Color Photo(၂) ပုံပေးရန်လိုအပ်ပါတယ်။ (စာရွက်စာတမ်းမပြည့်စုံသူများသည် စာမေးပွဲကြေး ပေးသွင်း၍ ရမည်မဟုတ်ပါ)

(၃) စာမေးပွဲကြေးများကို US ဒေါ်လာဖြင့်သာ ပေးသွင်းရပါမည်။

ဖေဖော်ဝါရီလ (၁၅) ရက်နေ့ နောက်ဆုံးထားပေးသွင်းပေးပါရန်နှင့် (၁၅) ရက်နေ့ထက် နောက်ကျပြီး လာရောက်ပေးသွင်းသော စာမေးပွဲကြေးများကို လက်ခံပြုလုပ်ပေး၍ ရမည်မဟုတ်ကြောင်း အသိပေး အကြောင်းကြား အပ်ပါတယ်။

စာမေးပွဲရက်များကို ကြိုတင်ချိန်ဆနိုင်ရန်အတွက်တစ်နှစ်စာ ICM စာမေးပွဲအချိန်ဇယားကို ဖော်ပြပေးလိုက်ပါတယ်။

အသေးစိတ်အချက် အလက်များကို သိရှိလိုပါက - 09-250717166~68သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

## ICM 2017 Examination Timetable

| No. | SUBJECT | TIME | MARCH | JUNE | SEPT | DEC |
|---|---|---|---|---|---|---|
| 1 | Advertising | pm | Thur 2 | Fri 2 | Tue 5 | Tue 5 |
| 2 | Auditing& Taxation | pm | Wed8 | Tue6 | Thur7 | Thu7 |
| 3 | Business Law | pm | Tue 7 | Wed 7 | Fri 8 | Fri 8 |
| 2 | Business Management & Administration | am | Wed 1 | Thur 1 | Mon 4 | Mon 4 |
| 4 | Customer Service | pm | Wed 8 | Thur 8 | Mon 11 | Mon 11 |
| 5 | Financial Management | am | Tue 7 | Wed 7 | Fri 8 | Fri 8 |
| 6 | Hospitality Management | pm | Thur 2 | Fri 2 | Tue 5 | Tue 5 |
| 7 | Human Resource Development I | am | Fri 3 | Mon 5 | Wed 6 | Wed 6 |
| 8 | Human Resource Development II | am | Wed 8 | Thur 8 | Mon 11 | Mon 11 |
| 9 | Human Resources Management | am | Thur 2 | Fri 2 | Tue 5 | Tue 5 |
| 10 | International Business Communications | pm | Wed 1 | Thur 1 | Mon 4 | Mon 4 |
| 11 | Leadership Studies | pm | Fri 10 | Mon 12 | Wed 13 | Wed 13 |
| 12 | Logistics & Supply Chain Management | pm | Thur 2 | Fri 2 | Tue 5 | Tue 5 |
| 13 | Management of Travel & Tourism Operations | am | Wed 8 | Thur 8 | Mon 11 | Mon 11 |
| 14 | Maritime Operations | am | Tue 7 | Wed 7 | Fri 8 | Fri 8 |
| 15 | Marketing Management | am | Thur 9 | Fri 9 | Tue 12 | Tue 12 |
| 16 | Marketing Research | am | Mon 13 | Tue 13 | Thur 14 | Thur 14 |
| 17 | Project Management | pm | Fri 10 | Mon 12 | Wed 13 | Wed 13 |
| 18 | Public Relations | am | Fri 3 | Mon 5 | Wed 6 | Wed 6 |
| 19 | Public Services Management | am | Thur 9 | Fri 9 | Thur 7 | Tue 12 |
| 20 | Quantitative Methods for Managers | pm | Fri 10 | Mon 12 | Wed 13 | Wed 13 |
| 21 | Sales & Sales Management | am | Fri 10 | Mon 12 | Wed 13 | Wed 13 |

**am= 9:00 am to 12:00 noon | pm= 2:00 pm to 5:00 pm**





ပထမဆု - မသဇင်မင်းစိုး



ဒုတိယဆု - ကိုညီမော်

**STRATEGY FIRST Student's 1st Bi-monthly Photography Contest STRATEGY FIRST Moment ဆုရဓာတ်ပုံများ**


တတိယဆု - Naw Juner Wah Shee

## r*vmqkeåaumif;

ကိုကျော်ညွန့်ဦး နှင့် မစံပယ် (STRATEGY FIRST ကျောင်းသူ) တို့ရဲ့ ၂၀၁၇ခုနှစ်၊ဖေဖော်ဝါရီလ (၄) ရက်နေ့ လက်ထပ်မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အေးအေးချမ်းချမ်း ပျော်ပျော် ရွှင်ရွှင် လက်တွဲ ဖြတ်သန်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းပေးလိုက် ပါတယ်။



## r*vmqkeåaumif;

ကိုသိန်းဟန် နှင့် မစုမြတ်ယဉ်ချော (STRATEGY FIRST ကျောင်းသား) တို့ရဲ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့ လက်ထပ်မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် လက်တွဲ ဖြတ်သန်းနိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းပေးလိုက် ပါတယ်။



## trSm;jyifqifcsuf

**STRATEGY FIRST** Times Vol.2, Issue.6၊ စာမျက်နှာ - ၁၂ မှာ ပါဝင်သော " **Dr. Daw Khin Ohn Thant MBA Scholarship နှင့် MBA Luck Draw Scholarship များ ရွေးချယ်ချီးမြှင့်** " သတင်း၌ Dr. Daw Khin Ohn Thant MBA Scholarship နဲ့ MBA Lucky Draw တို့ကို ၁၀,၀၀၀ ကျပ်စီဟု မှားယွင်းဖော်ပြခဲ့ပါသည်။ " **Dr. Daw Khin Ohn Thant MBA Scholarship** - ဒေါ်လာ ၁၀,၀၀၀ နဲ့ **MBA Lucky Draw** - ဒေါ်လာ ၁၀,၀၀၀"ဟုအစားထိုးဖတ်ရှုပေးပါရန်စာဖတ်ပရိသတ်များသို့ လေးစားစွာပန်ကြားအပ်ပါသည်။ယခုကဲ့သို့မှားယွင်းမှုဖြစ်ပေါ်ခဲ့တဲ့အတွက် အယ်ဒီတာအဖွဲ့မှ အနူးအညွှတ် တောင်းပန် အပ်ပါသည်။ **SFJ Team**






## ဒေါ်နယ်ထရမ့်နဲ့ ထိပ်တိုက်တွေ့ဖို့ ပြင်ဆင်လာတဲ့ မတ်ဇူကာဘတ်



ထိပ်တန်း နည်းပညာကုမ္ပဏီ Facebook စီအီးအိုမတ်ဇူကာဘတ်က ယခုအခါ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့လူဝင်မှုကြီးကြပ်ရေး အစီအစဉ်နဲ့ပတ်သက်လို့ လူသိရှင်ကြားထုတ်ဖော်ဝေဖန်သွားခဲ့ပါတယ်။

ရွှေ့ပြောင်းဒုက္ခသည်တွေကိုပိတ်ပင်တားဆီးဖို့အချက်တွေပါတဲ့ အမိန့်ညွှန်ကြားချက်တစ်ခုကို ထရမ့်က လက်မှတ် ထိုးလိုက်တဲ့အပေါ် စိုးရိမ်ပူပန်မိကြောင်း ဇူကာဘတ်က ထုတ်ဖော်ပြောဆိုလိုက်တာလည်း ဖြစ်ပါတယ်။

"ခင်ဗျားတို့လိုပဲ ၊ ကျွန်တော်လည်း စိုးရိမ်မိပါတယ်၊ သမ္မတထရမ့်ရဲ့အမိန့်ကြောင့်ဖြစ်လာမယ့်အကျိုးဆက်တွေနဲ့ ပတ်သက်လို့ပေါ့" ဆိုပြီး ဇူကာဘတ်က ဖေ့ဘွတ်ခ်စာမျက်နှာတစ်ခုမှာထုတ်ဖော်ရေးသားခဲ့ပါတယ်။

၎င်းတို့မိသားစု ရွှေ့ပြောင်းနောက်ခံသမိုင်းကြောင်းနဲ့ လတ်တလောအထောက်အထားမဲ့ကျောင်းသားကျောင်းသူငယ်လေးတွေနဲ့အတူ စေတနာ့ဝန်ထမ်းအလုပ်လုပ်နေတာကိုကိုးကားပြီးဇူကာဘတ်ကပြောဆိုလိုက်တာလည်းဖြစ်ပါတယ်။

**CNN**

## မြန်မာအပါအဝင် အာရှဒေသတွင်းနိုင်ငံတွေ စီးပွားရေးအလျင်အမြန်ဆုံးနှုန်းနဲ့ တိုးတက်လာတယ်လို့ ကမ္ဘာ့ဘဏ်ပြော

အာရှဒေသရဲ့အသေးငယ်ဆုံးစီးပွားရေးနိုင်ငံတွေအနေနဲ့ တရုတ်လိုမျိုး အင်အားကြီး နိုင်ငံတွေထက်တောင် ပိုမိုမြန်ဆန်တဲ့ နှုန်းထားနဲ့ တိုးတက်ဖွံ့ထွားလာနေပြီ ဖြစ်တယ်လို့ ကမ္ဘာ့ဘဏ်က ပြောကြားလိုက်ပါတယ်။

မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုတို့ရဲ့စီးပွားရေးတွေဟာအာရှဒေသမှာအိန္ဒိယပြီးရင် ယခုနှစ်နဲ့ ၂၀၁၉အကြားအလျင်မြန်ဆုံးသော နှုန်းထားနဲ့ တိုးတက်ပြန့်ကားလာတော့မှာဖြစ်ပြီး တိုးတက်မှုနှုန်းဟာ (၇) ရာခိုင်နှုန်းနီးပါးထိရှိလိမ့်မယ်ဆိုပြီးယခုသီတင်းပတ်အတွင်းမှာ ထုတ်ပြန်လိုက်တဲ့ ကမ္ဘာ့ဘဏ်ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံတွေထဲမှာတော့အထက်ပါစီးပွားရေးနိုင်ငံသုံးနိုင်ငံပေါင်းပမာဏဟာအမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံထက်တောင်လျော့နည်းနေပြီးတော့ စင်ကာပူ၊ မလေးရှားနဲ့ ဖိလစ်ပိုင်တို့လို အိမ်နီးချင်းနိုင်ငံတွေရဲ့သုံးပုံပုံတစ်ပုံလောက်သာရှိနေတာ ဖြစ်ပါတယ်။

**The Straittimes**

## Microsoft ရဲ့စတော့ဈေးကွက်တန်ဖိုး ဒေါ်လာဘီလီယံ ၅၀၀ ကျော်ထိရှိလာ

နှစ်ပေါင်း ၁၇ နှစ်တာနီးပါးကြာကာလနောက်ပိုင်း အမေရိကန်နည်းပညာကုမ္ပဏီ Microsoftရဲ့ဈေးကွက်တန်ဖိုး ဒေါ်လာ ဘီလီယံ ၅၀၀ ရှိပြီ ဖြစ်ပါတယ်။

ယင်းရဲ့ဈေးကွက်တန်ဖိုးဒေါ်လာထရီလီယံထက်ဝက်ကို ဇန်နဝါရီ ၂၇ ရက်မှာတော့ထပ်မံရောက်ရှိလာခဲ့ပြီး ဖြစ်ပါတယ်။

ဇန်နဝါရီ ၂၇ ရက်မှာပဲ ယင်းရဲ့ စတော့ရှယ်ယာတန်ဖိုးတွေဟာ မြင့်တက်ခဲ့သလို ပြီးခဲ့တဲ့ သုံးလပတ်မှာလည်း မျှော်မှန်းထားတာထက် ရလဒ်တွေကောင်းမွန်ခဲ့တာကိုတွေ့ခဲ့ရတယ်လို့ သိရပါတယ်။

ဝယ်လိုအားကောင်းတဲ့ ဆော့ဖ်ဝဲရောင်းချရမှုကြောင့် Microsoft ရဲ့ အစုရှယ်ယာတန်ဖိုးပိုင်းကို စံချိန်တင်မြင့်တက်စေခဲ့တာလည်း ဖြစ်သလို ကုမ္ပဏီအနေနဲ့ ယင်းရဲ့ကာလကြာမြင့်လာပြီဖြစ်တဲ့ Windows နဲ့ Office တို့အလွန် အခြားဝင်ငွေတိုးတက်ရရှိနိုင်မယ့် ရင်းမြစ်တွေကိုထုတ်ဖော်ပြသထားနိုင်ခဲ့ပါတယ်။

**The Seattle Times**

## ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ခြောက်လတာအတွင်း အခွန် ကျပ် ၂၅၀၀ ဘီလီယံကျော် ကောက်ခံရရှိ

၂၀၁၆-၁၇ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်းအခွန်ကောက်ခံရရှိမှုကျပ် ၂၅၄၈ ဒသမ ၄၀၁ ဘီလီယံ ရရှိခဲ့တယ်လို့စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရပါတယ်။

ပထမခြောက်လပတ်အတွင်း အခွန် ၂၁၄၁ဘီလီယံကျော်ကောက်ခံရရှိရန် လျာထားခဲ့ရာ ယခုကောက်ခံရရှိထားမှုမှာ လျာထားချက် ပြည့်မီကျော်လွန်ခဲ့ပါတယ်။

ယခင်ဘဏ္ဍာနှစ်ကာလတုထက်လည်း အခွန်ပိုမို ကောက်ခံရရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးတစ်နှစ်လုံးအတွက် အခွန်အကောက်ရငွေ လျာထားချက် မူလခန့်မှန်းခြေစာရင်းမှာ ကျပ် ၆၂၁၉ ဒသမ ၇၅၉ဘီလီယံ ဖြစ်ပါတယ်။

၂၀၁၅-၁၆ဘဏ္ဍာနှစ်မှာအခွန်အကောက်အမျိုးအစား ၁၈ မျိုးကောက်ခံပြီး ၂၀၁၆-၁၇ဘဏ္ဍာနှစ်မှာ အခွန်အမျိုးအစား သုံးမျိုးကို ထပ်မံပေါင်းခဲ့တဲ့တွက် အခွန်အကောက်အမျိုးအစား ၂၁မျိုးနဲ့ကောက်ခံလျက်ရှိတာဖြစ်ပါတယ်။

အသစ်ထပ်တိုးလာတဲ့ အခွန်အမျိုးအစားသုံးမျိုးမှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ကောက်ခံတဲ့ မုတ်ကောင်၊ ဝတ်ဆံနဲ့ တွင်းခွန်၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ကောက်ခံတဲ့ ခရီးသွားလာရေးနဲ့ ဟိုတယ်ဆိုင်ရာ လိုင်စင်ကြေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကောက်ခံတဲ့ အထူးကုန်စည်ခွန်တို့ ဖြစ်ပါတယ်။

**SFJ Team**

## တရုတ် – အမေရိကန်အကြား ကုန်သွယ်ရေးစစ်ပွဲကြီး ဖြစ်ပေါ်လာနိုင်တယ်လို့ Alibaba အကြီးအကဲ သတိပေး

ယခုလက်ရှိ သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ဦးဆောင်မှုအောက်မှာတော့ ဖြစ်ပေါ်နေတဲ့ပဋိပက္ခအကျပ်အတည်းတွေကို ပြေလည်အောင် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိဘူးဆိုရင်တော့ အမေရိကန်နဲ့တရုတ်တို့အကြားကုန်သွယ်ရေးစစ်ပွဲကြီးတစ်ခု ဖြစ်သွားနိုင်ကြောင်း တရုတ် e-commerce လုပ်ငန်းကြီး Alibaba တည်ထောင်သူဂျက်မားကသတိပေးပြောဆိုလိုက်ပါတယ်။

လက်ရှိအချိန်မှာတရုတ်ရဲ့စီးပွားရေးရှေ့အလားအလာဟာလည်းလက်ရှိ စီးပွားရေး ဆက်လက်ကျဆင်းနေမှုကြောင့်မျှော်မှန်းထားတာထက်တောင် ပိုမိုခက်ခဲနေဖို့ ရှိနေတယ်ဆိုပြီး ၎င်းက သတိပေးသွားပါတယ်။

"လာမယ့် သုံးနှစ်ကနေ ငါးနှစ်အတွင်း စီးပွားရေး အခြေအနေကကျွန်တော်တို့အားလုံး ထင်ထားတာထက်တောင် ပိုပြီး ခက်ခဲကြမ်းတမ်းမယ့် အနေအထားကို ရောက်သွားနိုင်ပါတယ်" လို့ တရုတ်ဘီလျံနာသူဌေးကြီးက သတိပေးပြောဆိုသွားပါတယ်။

**The economic Times**

## ပြည်ပတင်ပို့ရန်အတွက် စီးပွားဖြစ်ငါးရှဉ့်မွေးမြူရေးဆိုင်ရာ မြန်မာ – ဂျပန် ဖက်စပ်လုပ်ငန်းထူထောင်

နှစ်နိုင်ငံ ကုမ္ပဏီတွေအကြား ဖက်စပ်လုပ်ငန်းတစ်ခုထူထောင်ခြင်းနဲ့လက်ရှိကမ္ဘာ့ပေါ်မှာ ငါးစားသုံးမှုအများဆုံး နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံဆီကို မြန်မာနိုင်ငံဆီကနေ မွေးမြူရေးငါးရှဉ့်ပို့ကုန်တွေတိုးမြှင့်တင်ပို့နိုင်ဖို့ စီစဉ်နေလျက်ရှိတယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

မြန်မာရဲ့ Anawa Devi Fishing & General Trading Co-op Ltd နဲ့ ဂျပန်ရဲ့ Daciichi Kouts က Sangyo Co တို့အကြား ချုပ်ဆိုခဲ့တဲ့ သဘောတူညီချက်အရ ယင်းကုမ္ပဏီလုပ်ငန်းနှစ်ခုဟာ လက်ရှိအချိန်မှာ စီးပွားဖြစ် မွေးမြူနိုင်သေးခြင်း မရှိသေးဘဲ ပြည်တွင်းမှာသာ စားသုံးနေတဲ့ ညီညာတဲ့ဆူးတောင် အတန်းပါငါးရှဉ့် အမျိုးအစားတွေကို မွေးမြူသွားတော့မှာဖြစ်တယ်လို့ မြန်မာကုမ္ပဏီဘက်ကပြောဆိုချက်တွေအရ သိရပါတယ်။

သဘောတူညီချက် အောက်မှာတော့ Daiichi ကုမ္ပဏီအနေနဲ့ ယင်းလုပ်ငန်းစီမံကိန်းမှာ ဒေါ်လာ ၁ သန်းရင်းနှီးမြှုပ်နှံသွားဖို့စီစဉ်နေပြီး Anawa Devi ကုမ္ပဏီကတော့ မြေနေရာ၊ သုတေသနနဲ့ အခြားအခြေခံအဆောက်အဦတွေ ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

**Bangkok post**

## မြို့ပတ်ရထား မြန်နှုန်းမြင့် ပြေးဆွဲသွားနိုင်ဖို့လုပ်ဆောင်

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲနေတဲ့မြန်နှုန်းကို အဆထက် (၃) ဆပိုပြီး မြှင့်တင်နိုင်ဖို့လုပ်ဆောင်နေတယ်လို့ မြန်မာ့မီးရထားတိုင်း အမှတ် (၇) ရထားပြေးဆွဲမှုရုံး တာဝန်ရှိသူတွေထံက သိရပါတယ်။

ရန်ကုန်သယ်ယူပို့ဆောင်ရေးအဆင်မြှင့်တင်ရာမှာ ဘတ်စ်ကားလိုင်းတွေအပြင် မြို့ပတ်ရထားစနစ်တွေ၊ ရေလမ်းကြောင်းတွေကိုပါ အဆင့်မြှင့်တင်မှုတွေ လုပ်ဆောင်မှာဖြစ်ပြီး ပိုမိုကောင်းမွန်တဲ့ စနစ်တွေနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ ဦးတည်ထားတယ်လို့လည်း တိုင်းအစိုးရအဖွဲ့ရုံးတာဝန်ရှိသူတွေကလည်း ပြောဆိုထားတာဖြစ်ပါတယ်။

မြန်မာ့မီးရထား တာဝန်ရှိသူက "အခု ခရီးသွားတွေလည်း တိုးလာတော့ မြန်မာမီးရထားအနေနဲ့လည်း ခရီးသည်တွေ ပိုအဆင်ပြေစေမယ့် အစီအစဉ်တွေကို JICA နဲ့ပေါင်းပြီး လုပ်ဆောင်တာတွေ အများကြီးပါ၊ ဒီထဲကမှရထားအရှိန်မြှင့်တင်တာတွေလည်း ပါဝင်ပါတယ်" လို့ ဆိုပါတယ်။

**SFJ Team**



# စံ – ဇာဂါဘို ဟောစာတမ်း

၂၀၁၇ ဖေဖော်ဝါရီလ (၇) ရက်နေ့မှ ဖေဖော်ဝါရီ (၂၀) ရက်နေ့အထိ



## တနင်္ဂနွေနေ့မွေးသူများ

ငွေဝင်ခြင်း ကောင်းလာမည်။ ပျော်ရွှင်စရာ အကြောင်းအရာများလည်း တစ်ဆက်တည်းဖြစ်လာမည်။ မည်သည့်ကိစ္စကိုဆောင်ရွက်စေ ကိုယ်တိုင်လုပ်ကိုင်ပါ။ အတွင်းလူယုံထားရန်မသင့်။ အသက်ရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦးထံမှ ကောင်းသော အထောက်အကူရရှိမည်။ အတတ်ပညာကို အသုံးချ၍ အဆင့်မြင့်တက်လမ်းများ ဖန်တီးနိုင်မည်။ ကိုယ်လုပ်မည့်လုပ်ငန်း၊ ဆောင်ရွက်မည့် ကိစ္စများကို လိုက်လံတိုက်ခိုက် နှောင့်ယှက်သူများနှင့် ကြုံရတတ်သည်။

ကြုံတွေ့နေရသော အခက်အခဲများဖြေရှင်းနိုင်မည်။ ပဋိပက္ခများ အေးငြိမ်းသွားအောင် ဆောင်ရွက်နိုင်မည်။ ကြာသပတေးနေ့မွေးသူများ၏အကြံဉာဏ်ကိုလက်ခံသင့်သည်။ သောကြာနေ့မွေးသူများနှင့် ငွေကြေးအပေးအယူကိစ္စ သတိနှင့်ဆောင်ရွက်ပါ။ ယတြာ – နှင်းဆီနီ (၄)ပွင့်၊ နေကြာပန်း (၂)ပွင့်ကို ဖန်ပန်းအိုးအတွင်းထိုးပြီး ဓာတ်ပုံရိုက်၍ ၎င်းဓာတ်ပုံကိုဆောင်ပါ။

## တနင်္လာနေ့မွေးသူများ



လုပ်ငန်းခွင်မှ သူများအဖို့ရာထူးအဆင့်တိုးတက်မှုစာရင်းတွင် မိမိမပါ၍စိတ်ညစ်ရမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများအဖို့အကြွေးကျန်၍ ငွေလည်ပတ်မှုနေးပြီး လုပ်ငန်းနှောင့်နှေးမည်။ လမ်းဟောင်းလုပ်ကိုင်မှုပုံစံဟောင်းမှ ခွဲထွက်၍လမ်းသစ်ထွင်ကာ ဆောင်ရွက်၍အထူးအဆင်ပြေအောင်မြင်နိုင်သော အနေအထားရှိသည်။ ဥပဒေနှင့်မကင်းသောကိစ္စများ မလုပ်ရ။ တစ်ပါးသူအား ငွေမချေးရ။ ဆုံးမည်။ တစ်ပါးသူထံမှလည်း ငွေချေးယူခြင်းမပြုရ။

ငွေကြေးကိစ္စစကားပြောဆိုမှု အောင်မြင်မည်။ ရှုပ်ထွေးနေသော ငွေကြေးစာရင်းဇယားကိစ္စတို့ကို ကြာသပတေးနေ့၊ အင်္ဂါနေ့ မွေးသောသူများ၏အကူအညီဖြင့် အဆင်ပြေသွားအောင် ဖြေရှင်းနိုင်လိမ့်မည်။ ယတြာ – ကံ့ကော်ရွက်တစ်ရွက်ကို ရွှေချ ပလတ်စတစ်လောင်းပြီး ဆောင်ပါ။



## အင်္ဂါနေ့မွေးသူများ

အလုပ်အကြံအသစ်များ ချဲ့ထွင်လုပ်ကိုင်နိုင်မည်။ ကိုယ့်ကိစ္စထက် သူတစ်ပါးကိစ္စများကို လိုက်လံဆောင်ရွက်ပေးနေရသော ကာလဖြစ်သည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ ငွေမည်မျှဝင်စေ စုဆောင်းရန် ခက်နေမည်။ ပ၊ မ၊ ဖ၊ ရ၊ ဝ အမည်ပါသောသူများကို သတိနှင့်ဆက်ဆံပါ။ ငွေကြေးကိစ္စပြောဆိုမှုများ အဆင်ပြေမည်။ ငွေကြေးအကျိုးပေးမည်။ စုတ်ကြီး၊ လာဘ်ကြီး၊ အလွန်အားကောင်းသောကြောင့် ငွေကြေးသာမက မေတ္တာရေးတွင် အလွန်စိန်းပွင့်မည်။

တနင်္ဂနွေနံ (အုန်း၊ ဥ၊ အိုး) တနင်္လာနံ(ကျောက်၊ ငွေ၊ ကား) အစရှိသည်တို့ ခေတ္တအဝင်ရှိက လက်ခံခြင်းမပြုရ။ ပြန့်ကျဲနေသောငွေများ ပြန်ဖော်၍ အလိုရှိရာဆောင်ရွက်နိုင်သည်။ ယတြာ – သပြေ (၆) ညွှန့်ကို ကြေးပန်းအိုးအတွင်းထိုးပြီး အမြင့်တစ်နေရာတင်ပြီး လိုရာဆန္ဒပြုပါ။

## ဗုဒ္ဓဟူးနေ့မွေးသူများ



ရာထူးအဆင့်မြင့်ခြင်း၊ ဘဝတိုးတက်ခြင်းရှိမည်။ ကိုင်တွယ်လုပ်ကိုင်သောကိစ္စများမှ အကျိုးဆက်ကောင်းများ ရရှိမည်။ ပိုင်ဆိုင်သော ပစ္စည်းများကို စနစ်တကျသေချာစွာသိမ်းဆည်းပါ။ တိုးတက်မှုအဆင့်ဆင့် ဖြစ်ထွန်းမည်။ အိမ်တွင် အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့မွေးသောသူများရှိက ၎င်းတို့တွင် အလုပ်ရခြင်း၊ အဆင်ပြေခြင်း ၊တိုးတက်ခြင်း ကြုံရမည်။ စကားမတည်သောသူများနှင့် တွေ့မည်။ ပရိယာယ်များသောသူများနှင့် ဆက်ဆံရမည်။

အလိုရှိရာ ဆောင်ရွက်နိုင်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းအောင်မြင်မည်။ ခြံ၊ ကား၊ အခန်း အလဲအလှယ် အပြောင်းအလဲများရှိမည်။ ယတြာ – စံပယ်ပန်း (၉) ပွင့် သီကုံးထားသော စံပယ်(၉) ကုံးကို ဘုရားတင်ပြီး လိုရာဆန္ဒပြုပါ။



## ကြာသပတေးနေ့မွေးသူများ

ငွေကြေးအပေးအယူကိစ္စတွင် ကိုယ်တိုင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အမှားအယွင်း ကြုံရမည်။ အငြင်းပွားရမည်။ စက်ပစ္စည်းအဝင်မတော်၊ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ စိတ်အနှောင့်အယှက်များဖြစ်ပွားမည်။ ပညာတစ်ဖက်လုပ်ကိုင်သော ကိစ္စများမှ ကောင်းသောတိုးတက်မှုများရရှိမည်။ ခရီးသွား၍ အကျိုးရှိမည်။ ဗုဒ္ဓဟူးနံ၊ စနေနံ ပစ္စည်းများ အရောင်းအဝယ်ပြု၍ အကျိုးအမြတ်ကောင်း ရရှိမည်။

သော့ချိတ် Key Chain လက်ဆောင်ရပါက လက်မခံပါနှင့်၊ သူတစ်ပါးအား လွှဲပြောင်းပေးလိုက်ပါ။ လက်ခံမိက ငွေဝင်ကိန်း ပိတ်တတ်သည်။ အပြိုင်အဆိုင်အားလုံး ကျော်လွှား၍ ထူးခြားသော တက်လမ်းများရနိုင်မည်။ ယှဉ်ပြိုင်မှုများတွင် အနိုင်ရမည်။ လှောင်ကုန်များ ပြန်လည်ရောင်းရန် အခါကျသည်။ ငွေထည်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမပြုရ။ ယတြာ – ပန်းရောင်၊ နှင်းဆီ (၃) ပွင့် မကြာခဏ ဘုရားတင်ပါ။

## သောကြာနေ့မွေးသူများ



လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ပူးပေါင်းဆောင်ရွက်မှုများမှ ထင်ရှားသော အကျိုးဆက်ကောင်းရရှိမည်။ အမည်အတွင်း (အ၊ဥ၊ ဟ၊ ဆ၊ ည) ပါသောသူများဖြစ်သည့် စိုး၊ အောင်၊ စန်း၊ ဦး ... အစရှိသည်တို့နှင တွဲဖက်ဆောင်ရွက်သော ကိစ္စများ အောင်မြင်မည်။

အရပ်ဝေးနဲ့ ဆက်သွယ်လုပ်ဆောင်သော ကိစ္စများ အဆင်ပြေမည်။ လုပ်ငန်းဟောင်းရပ်တန့်၍ လုပ်ငန်းသစ်များ စတင်နိုင်မည်။ စာရင်းဇယားကိစ္စများ ဖြေရှင်းအောင်မြင်မည်။ အတွင်းလူ ဒုက္ခပေးတတ်သည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စတို့အတွက် စကားပြောဆိုခြင်းများ အောင်မြင်မည်။ ယတြာ – သစ်ရွက် ၁၃ ရွက် ကိုရေမျှောပြီးလိုရာဆန္ဒပြုပါ။



## စနေနေ့မွေးသူများ

လုပ်နေသောလုပ်ငန်းအတွင်း အဆင်မပြေ၊ အခက်အခဲများ ကြုံရခြင်း၊ လုပ်လက်စ လုပ်ငန်းဟောင်းများ ရပ်တန့်၍ လမ်းသစ်ထွင်ရခြင်းမျိုး ကြုံရမည်။ ငွေကြေးကိစ္စ အလောတကြီး ပြောဆိုဆောင်ရွက်ခြင်း ငွေမြှုပ်နှံခြင်း လုံးဝမပြုရ။ အမှားကြုံတတ်သည်။ မင်းစိုးရာဇာ၊ ဆရာသမားများ၏ ချီးမြှောက်မှုများ ရရှိမည်။ ရွှေ၊ ရေ၊ လူ၊ ယာဉ်၊ လယ်ယာထွက်ကုန်များ တိုးပွားကိန်းရှိသည်။ ဥစ္စာကံ တက်လမ်းရှိသည်။ ပညာရေးကံအထူးကောင်းသည်။ တနင်္ဂနွေနံ (အိုး၊ အုတ် ၊အိမ်) အစရှိသည်များ ဝယ်ယူရန် မသင့်။ အဝင်မတော်၍ အဆိုးအခိုက်များကြုံရမည်။ ဆေးကောင်းဝါးကောင်းအဆောင်ကောင်းများ လက်ခံရရှိမည်။ လုပ်ငန်းခွင်မှ သူများအနောက်တောင်အရပ်မှ လာဘ်ဝင်မည်။ ယတြာ – ခေါင်းအုံးအောက်တွင် မိမိအသုံးပြုနေကျ နာရီကို ထားရှိအိပ်စက်ပါ။

ချမ်းမြေ့မေတ္တာ တံ့ပြန်ပါသည်။
**စံ – ဇာဂါဘို**

in partnership with **STRATEGY FIRST INSTITUTE**



STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship

* Independent Study







# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်းကွန်ယက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည်အမေရိကန်အခြေစိုက်ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ ၁ သန်းခန့်တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

AYA Bank
Your Trusted Partner ရောဝတီဘဏ်

**AYA Bank Education Loan နှင့် သင်တန်းကြေးပေးသွင်းခြင်း**

| Stamford MBA (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ ၂၀ ရာခိုင်နှုန်း | ၂,၄၅၀,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၆၀၂,၀၀၀ ကျပ် |
| ဘဏ်အတိုးအပါကျသင့်ငွေပေါင်း | ၁၃,၂၈၆,၀၀၀ ကျပ် |

- သင်တန်းကြေးကို (၆) ကြိမ်ထိ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကိုလျှောက်ထား ခြင်းဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။
- Starting Date for Batch (2) - 2nd Intake March 3.

ဒေါ်လာဈေး ၁၃၅၀ ဖြင့်တွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းသား / ကျောင်းသူဟောင်းများအတွက် အထူး Discount ကို စုံစမ်းနိုင်ပါသည်။

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp, Yangon
#239, Pyay Road (Near Myaynigone City Mart) San Chaung Township, Yangon, Myanmar

**Apply now: (09) 450177770**

Please Note: STRATEGY FIRST does not render its services to tobacco, alcohol and MLM enterprises and their employees.

# သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

## STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE



စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊
ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

SFJ ဂျာနယ်ကို STRATEGY FIRST INSTITUTE မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး
Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့
ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

## The STRATEGY FIRST Times



လစဉ်ထုတ် STRATEGY FIRST JOURNAL နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး
ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော The STRATEGY FIRST Times တို့မှာ

# ကြော်ငြာများ လက်ခံနေပါပြီ။



#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com